http://www.dhammadownload.com

## ဥဒယျဗ္ဗယသုတ္တန်

လောကတွင် သိမှတ်အပ်သော သဘာဝတရားငါးပါး

သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ ပညတ်၊ နိဗ္ဗာန်တို့အကြောင်း



ကပြရသူက ဘဝ

ကြိုးဆွဲကာပြသစားသူက တဏှာ

ပွဲတောင်းလာသူက အာရုံ· · ·

· · · · · · · · · · · · · · · · ·

မဟာဗောဓိမြိုင်ဆရာတော် ❁ ဥဒယျဗ္ဗယသုတ္တန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

# ဥဒယျဗ္ဗယသုတ္တန်

နတ်တလူသာသနာပြုအသင်းမှစီစဉ်ထုတ်ဝေသည်

GRAPIC DESIGN : NYEIN CHAN THA(2011)

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်
ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်,ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

http://www.dhammadownload.com

၂၉၄.၃

မဟာစောခိမြိုင်ဆရာတော်

ဓေဥ္ ယျဓမ္မသုတ္တန် / မဟာစောခိမြိုင်ဆရာတော်၊ရန်ကုန်၊

သုဝဏ္ဏသျှမ်စာပေ၊ ၂၀၁၀၊

စာ - ၈၅၊ ၁၂.၅ × ၁၈စင်တီ၊

(၁)ဓေဥ္ ယျဓမ္မသုတ္တန်

ပထမအကြိမ်

၁၃၇၂၊ပြာသို-တပို့တွဲ

ဖေဖော်ဝါရီ၂၀၁၁

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၀၀၅၆၁၁၁၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၀၀၆၄၇၁၂၀ |
| အုပ်ရေ | - | ၁၀၀၀အုပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ငြိမ်းချမ်းသာ |
| တစ် | - | မန်းရောင်းတာပေ |
| အတွင်းဖလင် | - | AZ |

ထုတ်ဝေသူ

ဦးစိန်မြင့်၊သုဝဏ္ဏသျှမ်စာစဉ်

၇၄ - သာယာအေးလမ်း၊(၃)ရပ်ကွက်၊မရမ်းကုန်း၊ရန်ကုန်မြို့

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးဇော်မြင့်ဝင်း၊အမှတ်(၁၈၄)ဘီ

(၃၁)လမ်း၊ကာလာဇုံပုံနှိပ်တိုက်

တန်ဖိုး - ၁၂၀၀ ကျပ်

မွမ်းမံဖန်တီးမှု - ငြိမ်းချမ်းသာ၊ဝင်းဇော်ဦး

http://www.dhammadownload.com

နမော တေ ဗုဒ္ဓ ဝီရတ္ထု။

နတ်လှူစာစဉ်-၂၅

ကျေးဇူးတော်ရှင်

## မဟာဗောဓိမြိုင်ဆရာတော်ကြီး

# ဥယျဓမ္မသုတ္တန်

နတ်လှူသာသနာပြုအသင်းမှ
စီစဉ်ထုတ်ဝေသည်

http://www.dhammadownload.com

သုဝဏ္ဏသျှမ်စာစဉ်

အမှတ်(၇၄)၊ သာယာအေးလမ်း၊ ၃-ရပ်ကွက်

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၇၃၀၄၆၂၂၆။

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

# ဥဒယျဗ္ဗယသုတ္တန်

ဥဒယော စ ဗ္ဗယော ဇာနောနာမ၊ ဥဒယျဗ္ဗယသုတ္တန်၊ ဣမေပဥ္စက ဝိဥဒယျာ

သခ်ီရာ လက္ခဏာစေဝ၊ ဝိကာရေနစ ပဥတ္တံ

နိဗ္ဗာန် ကာရကော တေသံ၊ ဝိအဇံ ပဋိဝေဓနေ။

ဥဒယော စ ဗ္ဗယော - ဥဒယျင်္ဂါးတန် တရားမှန်ကို၊ ဇာနော နာမ-သိသူမည် သည်ကား၊ ဣမေပဥ္စကာ - ဤငါးပါး အပေါင်းတို့ကို၊ ဝိဥဒယျာ - သတိတွင် အသိကပ် ခန္ဓာခွင်ဖြပ်ရှိ ပရမတ်ဆတ်ဆတ်ကို သိတတ်ကြကုန်ရာသည်။

ပဥ္စကာ - ငါးခုပေါင်းဆိုသည်တို့ကား. .

ကတမာနိ - အဘယ်သည်တို့ပါနည်း။

သခ်ီရာစ - ကံ စိတ် ဥတု အာဟာရ လေးဌာနတို့၏ ပြုပြင်ပေးနေခြင်း တို့လည်းကောင်း၊

လက္ခဏာစေဝ - လက္ခဏာရုပ်ကွက် လက္ခဏာအချက်တို့လည်း ကောင်း၊

ဝိကာရေနစ - ဝိကာရရုပ်ကွက် အထူးပြုပေးနေသော အချက်လည်း ကောင်း၊

နတ်တလူစာစဉ်

http://www.dhammadownload.com



ပဉ္စတ္တံစ - ပရမတ်တစ်ခုထွက် ပညတ်ချက်တစ်ခုလည်း ထွက်နေခြင်း လည်းကောင်း၊

နိဗ္ဗာနံစ - အချုပ်အစပ် ပြတ်စဲပြုပြင်မှုတို့ ခွာရှဲသွားခြင်း လည်းကောင်း၊

တေသံ - ထိုငါးခင်းတို့၏၊ ကာရဏော - အကြောင်း ချင်းတတ္ထိုကိုပဋိဝေဓေန - ထိုးထွင်းသောဟန် ပဋိဝေဓဉာဏ်ဖြင့်၊ ဝိဘဇံ - ဝေဖန်ပိုင်းခြားလျက်က၊ ဝိဥေယျာ - သိတတ် မြင်တတ်ခြင်းတို့ပေတည်း။

http://www.dhammadownload.com

## ဘုရားရှင်၏ ကိုယ်ပိုင်ပစ္စည်းများ

ဉေယျသည် သိပိုင်ခြင်း ဉာဏ်အရာကို ကိုယ်စားပြု၏။

ဓမ္မသည် သိအပ်သိရာသည့် သဘောသဘာဝ အားလုံးကိုလျှင် ကိုယ်စားပြု၏။ သို့ကြောင့် ဉေယျဓမ်သည် သိကောင်းသိရာသော အရာအားလုံးကိုလျှင် သိပိုင်ခြင်း၏ တင်စားအမည်တစ်ခုသာတည်း။ ထိုတွင်. . .

(က)ဓမ္မ၏ သိအပ်ရာရာသဘောသဘာဝဓမ္မတာသည် များပြားလှချေ၏။ လောကသုံးပါးအတွင်းရှိ သဘောသဘာဝများ၊ ဘုံပုဂ္ဂိုလ်စိတ်တို့၏ အတွင်းရှိသဘောသဘာဝ များ၊ ဘုံပုဂ္ဂိုလ်စိတ်တို့၏ အလွတ်ရှိ သဘောသဘာဝများစသည် အားလုံးပင် ပါဝင်၏။ သို့တစေလည်း ယင်းတို့သည် ဤဉေယျဓမ်တရားငါးပါးအတွင်း၌သာ အကျုံးဝင်၏၊ ဤ တရားငါးပါး အတွင်းဝယ် ဌာပနာထားပြီးဖြစ်၏။

(ခ) ဉေယျ၏ သိတတ်ရာရာ သဘောသဘာဝဓမ္မတာသည်လည်း များပြား၏။ ဝေနေယျတို့နှင့်တန်ရုံသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ သိက္ခာသုံးပါး

http://www.dhammadownload.com



စသည်အားလုံးပါဝင်၏။ သို့တစေလည်း. .

ယင်းတို့သည် ဤသိမ္မတစ်ခုတည်း၌သာ အကျုံးဝင်၏။ ဤသိမ္မတစ်ခု၏ အတွင်းမှာပင် ဌာပနာထားပြီးဖြစ်၏။ သို့ကြောင့် ဤစေတီယျဓမ်သည် ဘုရားရှင်၏ ဉာဏ်ကျက်စားရာဆိုက မမှားတန်ရာပြီ။ နောက်လိုက် တပည့်တို့ တစိုးတစိ မြည်းကြည့်စမ်းကြည့်ရုံမျှလောက်သာ။

ဤ၌ကား ထိုစေတီယျတရားငါးပါးတို့ကို မိမိဉာဏ်အမြင် သန်သလောက်ကလေးဖြင့်. .

(က) သဒ္ဒါရတို့ကို ပန်းပုသမား အရုပ်ထုလုပ်စားသည့်ပမာ ထင်ဟပ်ပြမည်၊

(ခ) ဝိကာရတို့ကို ဆေးခြယ်သမား အရောင်သွင်းသည့်ပမာ ထင်ဟပ်ပြမည်၊

(ဂ) လက္ခဏာတို့ကို ကပွဲဝင်အရုပ်ကလေး ပြေးလွှားနေသည့်ပမာ ထင်ဟပ်ပြမည်၊

(ဃ) ပညတ်တို့ကို ဇာတ်လမ်းဇာတ်ကွက် တင်ဆက်နေသည့်ပမာ ထင်ဟပ်ပြမည်၊

(င) နိဗ္ဗာန်ကိုကား အရုပ်ဆွေး၍ မြေသို့ချကျွေးလိုက်ရသည့်ပမာ ထင်ဟပ်ပြမည်။

သည်မျှဆိုသော် စေတီယျဓမ်၏ သရုပ်ဖော်ထုတ်မှု လုံလောက်ကြရာသည်။

ပန်းပုဆရာသည် တောကိုဝင်၍ အရုပ်ထုချင်စရာ သစ်သားကိုရှာ၏။ သစ်သားသည်ကား ဗီဇနှင့် မိုးမြေဆီကိုမှီး၍ တိုးဝင်မိရာမှအလိုလိုပေါက်လာသော သဘာဝမြေပေါက်သားမျှသာ။

ထိုသစ်သား ပန်းပုဆရာ့လက် ရောက်ရှိသွားသောအခါ ပထမသစ်သား၏ တည်နေဟန်ကိုကြည့်၍ စိတ်ကူး၏ဆင်မြင်းရုပ်စု ထုရကောင်းမလား၊

http://www.dhammadownload.com



လူရုပ် ထုရကောင်းမလား စသည့်. .

ထို့နောက် လူရုပ်ထုရန် ဆုံးဖြတ်လိုက်၏။ လူဟန် လူသဏ္ဌာန်ပုံတူထု၏။ ဒုတိယလူပုံတူ ထုရင်းကပင် ယောကျ်ား ပုံထုရကောင်းမလား၊ မိန်းမပုံထုရကောင်းမလား စိတ်ကူး ထည့်ပြန်၏။ စိတ်ဝယ် မိန်းမပုံကလေး ရေးရေးမျှထင်လာရာ မိန်းမစိတ်ဖြင့် ဆက်လက်ထု၏။ မိန်းမပုံဟန် မိန်းမသဏ္ဌာန်ကား ပေါ်လွင်လာချေပြီ။

ထို့နောက် အစာကျွေးဆေးခြယ်၏။ အသားနေရာ အသား၊ မျက်ခုံးနေရာ မျက်ခုံး၊ မျက်လုံးနေရာ မျက်လုံး၊ မိန်းမတစ်ကိုယ်လုံးနှင့် ချွတ်စွပ်တူပင်။

နောက်ဆုံး အပူအအေးပေး အရောင်တင် ဆေးသွင်း အဝတ်တန်ဆာဆင်ယင်ခြင်းဖြင့် လက်စသတ်လိုက်ရာ. .

ဟော. . ယမင်းရုပ်ကလေးတစ်ရုပ် ပွဲထုတ်၍ရလာပြီကော။

ဤသို့ဖြင့် ပန်းပုဆရာသည် တပည့်လက်သားစုံလင်စွာတို့ဖြင့် ရုပ်သေးစင်တစ်စင်ထောင် ကပြနိုင်လေအောင် ရုပ်စုံနှစ်ဆယ့်ရှစ်မျိုး ကြိုးစား၍ထုလုပ်ပေးခဲ့ရာ ကကြိုးစုံစွာ ရုပ်စုံမဟာသဘင်ကြီးတစ်ဖွဲ့ ဖွဲ့စည်း၍ ရခဲ့ချေပြီ။

ဤလောက အပျော်ကြိုက်သူတို့ ရှိနေသမျှ ကြိုးဆွဲတို့ အရုပ်ချ ကပြမည်။

ဤလောက ကြိုးဆွဲဆရာတို့ အရုပ်ချ ကပြနေသမျှ ပွဲကြည့်သမတို့လည်း လာကြမည်။ ထိုထို့ဤဤ ကြည်စရာ ရယ်စရာ အပြောအဆို အငို အလွမ်း ဇာတ်လမ်းလေးများဖြင့် ကြည့်သူတို့ အဟုတ်ထင် သရုပ်ဝင်အောင်လည်း မှိုအလင်း ကပြမည်။ အာရုံတိတ်ဆိတ် တစ်ဖက်သို့ စိတ်မထွက်စေသော ညရိုးတစ်လျှောက် ပြလိုရာ ဒိုးဒိုးခေါက်တို့ဖြင့် ဗျောခေါက်သည်အထိလည်း

http://www.dhammadownload.com



ဇာတ်စုံခင်းကျင်းမည်။ မိုးအလင်း နေအထွက် ပြင်ပလောကကြီး အသက်ဝင်လာသောအခါ ရုပ်စုံကပွဲကြီးကား ပွဲသိမ်းပြီတည်း။

နတ်တလူစာစဉ်

http://www.dhammadownload.com

## သခါရတို့၏ ပြုပြင်မှုကို ခံယူရရှိခြင်း

ကမ္မံ သတ္တော ဝိဘဇတိ

သတ္တဝါတို့ကို ကံကသာ ပြုစီမံ၏။

စင်စစ် ကံအကြောင်းတရားတို့သည် သတ္တဝါတို့၏ ဖန်ဆင်းရှင်တည်း။

ကံက ပြုစီရင်သည်ဆိုသော်လည်း. . .

သံသရာဘဝဇာတ် အထပ်ထပ်ပတ်၍ ကပြပြီးသော သူ၌ ကံ၏ ရှေ့နောက်ဝယ် စိတ်၏အကူအထောက်ကား ပါစမြဲသာ။ သို့ကြောင့် ပဋိစ္စသမုပ္ပာဒ်၏အတိတ်အကြောင်းခံငါးပါးကို ဖော်ထုတ်ရာ၌ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဝိညာဉ် ဟူ၍ ကံနှင့်စိတ် နှစ်ခုချိတ်၍ အတိတ်ဆောင်ပြခြင်းမဟုတ်လော။

ကံသည် လူဖြစ်ရန် ရှေးရှု လူမျိုးစေ့ကောင်းမှုကိုပြု၏။

စိတ်သည် နောက်တစ်ခါလူဖြစ်လျှင် ကောင်းနိုးနိုး လူဖြစ်ရကျိုး မျှော်ကိုး၏။ ဤကား ရှေးအတိတ်ဆီက ပြုစီမံခဲ့သော ကံစိတ်တို့၏ ဝတ္ထုရားတည်း။

သတ္တဝါသည် ဘဝတစ်ခုပျက်လုနီး ဘဝခရီးဆက်တော့မည်ပြုသော်

နတ်တလူစာစဉ်

http://www.dhammadownload.com



သည်ဘဝကဖြစ်စေ နောက်နောက်တို့ကဖြစ်စေ ပြုစီရင်ခဲ့ဖူးပြီးသော ကောင်းကံ ဆိုးကံ ထိုနှစ်တန်တို့ကို လှန်၍ပြန်၍ နိမိတ်အဖြစ် စားမြုံ့ပြန်လေ့ရှိ၏။ ထိုစဉ် အားအသေးအကြီးလိုက်လျက်က ဆက်တိုက်ထင်မြင်လာ တတ်မြဲဖြစ်ရာ. . .

ကံအားကြီးတို့ အထင်ဖြင့် ဝင်လာပြီ။ သို့သော် အသက်ကား ငင်ဆဲ။ အင်း. . သည်ကံနှင့် ဒင်းမထိုက် သည်ကံ နောက် ဒင်းမလိုက်နှင့်ဦး။

သို့နှင့်. . .

ပြုကျင့်ခဲ့ပြီး ကံတို့ကလည်း အရင်ရောက်သူ အရင်ဝင်စနစ်ဖြင့် တစ်ခုပြီးတော့ နောက်တစ်ခု နောက်တစ်ခု ရွှေမကောက်မချင်း လုဝင်နေဆဲ ငင်ဆဲ အသက်ကလည်း သည်ဘဝနှင့် အဆက်ဖြတ်လိုက်လေသောအခါ. .

နောက်ဆုံး ထင်နိမိတ်သည် လာမည့်ဘဝ၏ အလှည့်ရ ကံတရားတည်း။ ထိုနောက်ဆုံး နိမိတ်ကပင် ရှေ့ဝယ်သွားရောက်ကာ လားရမည့်ဘဝ အကျိုးပေးကို ရေးရေးမှူ ရေးဆွဲ ပြ၏။ ထိုအကျိုးပေး၏ဘက် စိတ်တွေ ကလေးကပေး၍ နှစ်သက်လိုက်မိသည်နှင့် သည်ဘဝအဆက်ပြတ် ရှေ့ဘဝသို့ ကပ်လိုက်မိပြီ။

ကံပြုစဉ်က ထားရှိသော စိတ်က ရှေ့ဘဝ နောက်ဘဝ တွဲချိတ်ပေးလိုက်သည်။

ကံကိုယုံ၍ ကံဘုံခိုလှုံလိုသော စိတ်အား တဏှာလက်သမားက ရင်းစားပေးလိုက်သည်။ ဤသို့ ရှေ့ဘဝနောက်ဘဝခေါ်သော ရှေ့ဖြစ်စဉ်နှင့် နောက်ဖြစ်စဉ်တို့ကို ဆက်စပ်ပေးရာရောက်သော ဂတိနိမိတ်အပေါ် စိတ်အာရုံပြုထားခြင်းကိုပင် ပဋိသန္ဓေ(ရှေ့နှင့်နောက်ဆက်စပ်ပေးခြင်း) စိတ် ဆိုရ၏။

http://www.dhammadownload.com



ထိုနောက်ရာဘဝကဲ့သို့သော ဂတိနိမိတ်ကို ရှုသိရင်းက နှစ်သက်စိတ်ပြ တပ်မက်မှုဘာဝကိုကား ဝါနခေါ် (ရှေ့ နှုတ်ခမ်းသတ်နှင့် နောက်နှုတ်ခမ်း သတ်ထပ်လျက်က ချုပ်စပ်ပေးလိုက်ခြင်း) နိကန္တိကတဏှာဆိုရ၏။ သို့မဟုတ် ကြည့်လျက်ကသိ သိလျက်က ပီတိဖြစ်နေသော စိတ်တစ်ခု၏ အမည် နှစ်မျိုးတည်း။ လားရမည့်ဘဝနှင့် ထိုက်ရာရှေ့ပြေးနိမိတ်(ကြိုတင်ပြသထား ချက် ပုဗ္ဗနိမိတ်)သည် ကံပြုဆဲကာလ ထားရှိသောစေတနာ၏ အပြင်း အပျော့ အနုအထက်အရ ပုံစံဖော်ပြသည့် ခံစားခွင့်ရာဘဝသစ်၏ အကျိုးပေး ပုံပင် ဖြစ်၏။

ကံပြုစဉ်က တည်နေဟန် ရုပ်ပုံလွှာသည် သေခါနီး ကမ္မနိမိတ်အဖြစ် ထင်လာချေမည်။

ထိုအကြောင်းခံ ကမ္မနိမိတ်ထင်ပြလာရာမှ အကျိုးပြ ဂတိနိမိတ် ထပ်ဆင့် ပေါ်လာတတ်သည်။ ဤ၌လည်း ထိုမှ အကြောင်းခံများဖြစ်ကြလေသော ကံ ကမ္မနိမိတ်ရုပ်ပုံလွှာများ (ငါ၊ အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်နှင့် ပရိသတ် စသည်) အပေါ်သို့သာ စွဲလမ်းသမှု အားကိုးပြုနေမိမှားခဲ့သော်. .

ကျောင်းဒကာ ကျောင်းစွဲကျောင်းဂတိလွဲနိမိတ်ဖြင့်ပင် ထိုကျောင်းထိပ် ဝယ် ပြိတ္တာအသွင်အပြင်ဖြင့်ဝင်ရမည်။

ကိုးကွယ်ရာ ဘုန်းကြီး အစွဲကြီးနေကလည်း ထို၏အနီးဂတိနိမိတ် တင်စီးကာ ထိုဘုန်းကြီး၏အနားမှာပင် ပြိတ္တာ အရာဝင်တတ်သည်။

အလှူရှင်ဖြစ်သူ ကိုယ့်ကိုယ်ကိုယ်စွဲ အယူလွဲက ကိုယ့်ရုပ်အလောင်းကြီး မြှုပ်နှံရာသို့ လိုက်ပါသွားရကား ၎င်း အရိုးစုအနားမှာပင် ပြိတ္တာအဖြစ်ဖြင့် နေရမည်။

နတ်တလှူစာစဉ်

http://www.dhammadownload.com



သို့ကြောင့်. . .

ကုသိုလ်အမှုပြုပါသော်လည်း အာရုံယူနည်းမတတ်၊ ငါ ဝတ္ထု ပုဂ္ဂိုလ် အပေါ် (ဖြစ်ပျက်မြင် လက္ခဏာတင်လျက်က နှစ်သက်စရာ ဝတ္ထုများကို အကောင်းမြင် အကောင်းတွေ့ အဟောင်းမြင် အဟောင်းတွေ၊ အဆွေးထင် အဆွေးရောက်၊ ကုန်းကောက်တတ်စရာ ဘာမရှိသော ခြေသား ပကတိပမာ ငါနှင့်အလျှုံပရိသတ်တို့အပေါ်လည်း ထိုနည်းတူစွာ ဆင်ခြင်ပြီး) ကျော်တတ် မှသာ အကျိုးပြုဂတိနိမိတ်ဝင်လာခြင်း၊ ထိုလမ်းပြအတိုင်း သွားခြင်းများ ပြုရ လေသည်ကို သတိပြုလေဦး။

ကုသိုလ်ပြုတိုင်း ကုသိုလ်မရ အာရုံအချမှားက ကိုယ့် ပုဆိုးစကိုယ် နင်းမိ လျက်သား လဲကျသွားရသည်ပမာ အစွဲချရာ အပါယ်ရွာသွားရမည်ကိုလည်း သတိရှိလေဦး။

တစ်ဖန် ကံပြုစဉ်တုန်းက စိတ်ဓာတ်ညဉ်ကိုပင် ပဋိသန္ဓေညဉ်အဖြစ်ယူ ပြီး နောက်ဘဝအထဲ လက်စွဲအဖြစ် ပါသွားမည်ဖြစ်ရာ ထိုနောက် ဘဝ တစ်ဘဝလုံးလည်း သေအထိတိုင်အောင် ထိုကံပြုစဉ်က. .

သာယာကပ်စွဲ စိတ်အားကြီးလျှင် အာရုံခံစားတိုင်း မကျေနိုင်ဖြစ်မည်၊

မုန်းငြိုးပြစ်မှားစိတ် အားကြီးလျှင် အာရုံခံစားတိုင်း မကျေနိုင် မချမ်း နိုင်ဖြစ်မည်၊

ပျံ့လွင့်ပူပန်စိတ်ဝင်နေလျှင် အာရုံခံစားတိုင်း ဂနာမငြိမ် ကြွေမြေမရ ဖြစ်မည်။

စိုးရိမ်ကြောင့်ကြစိတ်ဝင်နေလျှင် အာရုံခံစားတိုင်း စိတ်ချလက်ချ မခံစား ရတတ်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ငါစွဲ့အားကြီးနေလျှင်ကား မည်သူနှင့်ပေါင်းပေါင်း အသာစီးရမှ ခေါင်းအေးမည်၊

ဤအစွဲ့ညဉ်ဝင်နေကလည်း ထိုညဉ်အတိုင်း ပါဝင်လာမည်ကိုလည်း သတိရှိလေဦး။

ထိုနောက်ဘဝခေါ် ဘဝသစ်ထဲသို့ ပဋိသန္ဓေစိတ် ဝင်အိပ်လိုက်သော အခါ အတိတ်ကပြုခဲ့သောကံသတ္တိများလည်း ရိက္ခာအဖြစ် ပါလာမည်၊ ကံပြုစဉ်က စိတ်သတ္တိများလည်း ရိက္ခာသုံးသူအနေဖြင့် ဆင့်၍ပါလာမည်။

http://www.dhammadownload.com

ပဋ္ဌာန်း အမေအဖေ့ ကံ စိတ်နှင့် ဥတု အာဟာရတို့က ကြိုဆိုညှော်ခံခြင်း

ဘဝသစ် လူဖြစ်ရန်သည်. . .

မိခင်ကလည်း နှစ်ဦးစပ်သုံးစွဲခဲ့ပြီးသော ဥတုသွေးများကို သွန်ပစ်ပြီးစီး ချိန်ဖြစ်ရမည်။

ဖခင်ကလည်း နှစ်ဦးစပ်ဥတုသွေးသစ်များ ထပ်မံသွင်း ပေးနေချိန် ဖြစ်ရ မည်။

ကလေးကလည်း ထိုအချိန်မှာမှ ဘဝဟောင်းကို ပစ်ချ၊ မိဘတို့ အိမ်ဝ ပေါက်အရောက် ဖြစ်ရမည်။

ထိုသုံးချက် ဆုံလျှက်ကျမှ ထိုမိဘတို့အထဲ ခိုစွဲခွင့်ရသည်။ ထိုသုံးချက် ဆုံမိသည့်တိုင် မိဘနှစ်ပါးတို့၏ ဥတုသွေးများက အမျိုးတူ အပူ အပူချင်း၊ အအေး အအေးချင်းစပ်နေက ထိုကလေး ကပ်ခွင့်မသာပေ။

ဤသို့ မိဘတို့၏ စပ်ယှက်မှုကံ၊ ထိုစပ်ယှက်ချိန်ရှိ မိဘတို့၏ စိတ်နေစိတ် ထား၊ မိဘတို့၏ ဥတုသွေး၊ သွေးအညှိ အမှီပြုခြင်းအာဟာရထို သဏ္ဍာရလေး မျိုးတို့သည် ထိုကလေးမွေးဖွားရာ၌ လက်ခံကာပြုပြင်ပေးလိမ့်မည်။

နတ်တလူစာစဉ်

http://www.dhammadownload.com



သို့ကြောင့်. . .

(၁) ယနေ့ ထိုကလေး ဝင်ရောက်လာချိန် အမိသည် အားကြီးစိတ်ဖြင့် လက်ခံနေသော် မွေးဖွားလာရာဝယ် မိန်းကလေးဖြစ်နေတတ်သည်။

အကယ်တိတိ ဖခင်က မိခင်ထက် အားကြီးနေသော် ယောကျာ်းလေး။

ဤကား ဓမ္မစကြာ မဟာဋီကာ၏ ဖွင့်ပြချက်တည်း။

(၂) ထိုကလေးမိခင်၏ သုက်သွေးဘက် အားပြုလျက်က တည်နေခဲ့သော် ထိုမိခင်၏ အသွေးရောင် အသားရောင် သို့လိုက်မည်။

အကယ်တိတိ ဖခင်သုက်သွေးဘက် အားသာချက်များက ဖခင်သွေး အလားတည်း။

(၃) ထိုကလေး မိခင်က ဖခင်ဘက် စိတ်ဝင်စားအားကြီးချိန် ဝင်မိခဲ့သော ဖခင်ရုပ်နှင့် ချွတ်စွပ်တူမိန်းကလေးဖြစ်မည်။

အကယ်တိတိ ဖခင်က မိခင်သို့ စိတ်သန်ချိန်ဝင်မိက မအေတူသားလေး တည်း။

သည့်အတူ မိခင်က အားလည်းကြီးမည်၊ မိမိဘက်၌သာ စိတ်စိုက်ထားမည်၊ ဖခင်က အားလည်းကြီး မိမိဘက်၌သာ စိတ်ဦးစီးဆိုကလည်း မအေတူ မိန်းကလေး၊ ဖအေတူ ယောကျာ်းလေးများ ဖြစ်လာတတ်သည်။

ညဉ်စရိုက်စိတ်ထားများလည်း အမိနှင့်တူခြင်း၊ အဖနှင့်တူခြင်းများ ရှိတတ်မြဲဖြစ်ရာ ၎င်းတို့လည်း ထိုကလေးဝင်လာချိန် မိခင် ဖခင်တို့ အမူအကျင့်များနှင့် မိဘများ အားကြီးမှုသို့သာ လိုက်ပါသွားခြင်းများပင်။

အထက်ပါတို့သည် လက်ခံသူ အိမ်ရှင်မိဘတို့၏ ကံ စိတ် ဥတု အာဟာရများက ပြောဆိုပြုပြင်ပေးရာမှ ရရှိလာခြင်းများချည်းသာ ဖြစ်တော့သည်။

နတ်တလူစာစဉ်

http://www.dhammadownload.com



မော်တော်ကား ဝယ်ယူစီးလိုသော ငွေရှင်သည် ငွေထုပ် ပိုက်လျက်က မော်တော်ကား အရောင်းဆိုင်ဘက် ထွက်ခွာလာခဲ့၏။

ထိုဆိုင်ထဲဝယ် ပုံစံတူ အမျိုးအစားကွဲ ကားနှစ်စီးတွဲကိုတွေ့ရာ မိမိငွေကြေးနှင့် ဈေးတည့်သော ကားတစ်စီးကို ငွေရှင်းပြီးဖြင့် ဝယ်ယူစီးနင်းခဲ့၏။ ထိုသို့ ဝယ်ယူစီးနင်းလာခဲ့ ရာဝယ် ကားအမျိုးအစား၏ ခိုင်မာမှု၊ ကားတစ်စီး၏ သီးသန့် ဉာဉ်အတိုင်းထက် ထိုကားရှင် ဘာမျှမတတ်နိုင်သည့်ပမာနှယ်။

တစ်ဖန် ထိုဘဝသစ်သို့ ကံပစ်ချသည်အတိုင်းရောက် လာ့ရလေသူ ကလေးဘက်ကလည်း. .

အတိတ်ကံ စီမံမှုအရ လူ့ဘဝသို့ ရောက်ရှိလာခဲ့ရပါသည်။

အတိတ်၏ စိတ်စွဲအရ ယောကျ်ားဘာဝ မိန်းမဘာဝ ပေါ်လွင်လာခဲ့ရပါသည်။

မိဘတို့၏ ဥတုသွေး အပူအအေးလိုက်၍ အသားအရေ စိုပြည် မစိုပြည် ဖြစ်ရပါသည်။

အထက်ပါတို့သည် ကလေး၏ အတိတ်ကံ စိတ် မိဘတို့၏ ပစ္စုပ္ပန်ဥတု အာဟာရတို့၏ ပြုပြင်ပေးမှုအတိုင်း ဘဝသစ်လူဖြစ်လာရခြင်းပင်ဖြစ်တော့သည်။

ဤ၌လည်း အတိတ်ကံစုတို့၏ တွန်းအားပေးမှုအရ ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်ခြင်း မပြေပြစ်ခြင်း၊ မျက်လုံး မျက်ဖန်လှပခြင်း မလှပခြင်း၊ နှာတံပေါ်လွင်မှု မပေါ်လွင်မှု၊ နှုတ်ခမ်းသားလှပမှု မလှပမှု၊ မျက်နှာသွင်အဆင်ပြေမှု မပြေမှုများမှသည် မေးအနေအထား၊ နားရွက်အခြေအနေ၊ မျက်ခုံးအထားအသိုတို့အထိ အကျိုးပေးချင်းကွာခြားကြမည်။

http://www.dhammadownload.com



အတိတ်စိတ်စုတို့၏ တွန်းအားပေးမှုအရလည်း မိန်းမအဖြစ်၊ ယောကျ်ား အဖြစ်များကွာခြားကြဦးမည်။

တစ်ဖန် အတိတ်ကုသိုလ်ကံ၏ စိတ်စုတို့အတွင်း မကောင်းကံကျူးမှု အစွဲများက ချဉ်းနင်းဝင်ရောက် နှောက်ဦးမည်ဆိုလျှင်

(က)ယောကျ်ားကံအကြား မိန်းမလိုက်စားလွန်းအားကြီးမှုကံများက လွန်းသွား သွားလေသောအခါ စိတ်အစွဲသည် မိန်းမသို့ချဉ်းစွဲမိချေရာ ထိုယောကျ်ားလေး မိန်းမလျာလေး ဘဝမျိုး ထိုးဝင်လာရမည်။

(ခ) မိန်းမကံအကြား ယောကျ်ားလိုက်စားမှု အားကြီးသောကံများက လွန်းသွား သွားလေသောအခါ စိတ်အစွဲလည်း ယောကျ်ားထဲကိုချဉ်း ငြိနေချေ ရာ ထိုမိန်းကလေး ယောကျ်ားလျာလေးဘဝထဲ တွဲ၍ပါဝင်လာတတ်သည်။ ဤ၌ကား ကံကြောင့် လူဘဝသာမည၊ စိတ်ကြောင့် ယောကျ်ားဘဝ မိန်းမဘဝ ဝိသေသဟူသော ထူးခြားချက် နှစ်ခုကိုသာ ထုတ်ဆိုပြမည်။

ထို ယောကျ်ားလူသား မိန်းမလူသားများသည်. .

ဒေသခံ ဥတုတို့၏ အပူအအေးသို့လိုက်၍ စိုပြည်ခြင်း ခြောက်သွေ့ခြင်း ရှိကြမည်။

မိခင်၏ နို့ ထို့နောက် ကစီဖတ်၊ ထို့နောက် ထမင်းဟင်းများ၏ အာဟာရ ပြည့်မှု၊ မပြည့်မှုသို့လိုက်၍ အရေအဆင်း လှပခြင်း၊ မလှပခြင်းလည်း ရှိကြဦး မည်။

မည်မျှပင် ခြောက်သွေ့အကျည်းတန်နေစေ. .

စိဠ္ဌအသက ခေါ် မြူးထူးပျော်ပါး စိတ်ကြည်အား ကောင်းသော ယောကျ်ားဘဝ၊ မိန်းမဘဝ ကိုယ်တွင်း သွေးသားတို့ သွေးသစ်လောင်း

http://www.dhammadownload.com



ချိန်ဖြစ်သော ကာလသား ကာလသမီးအရွယ်တွင်းသို့ ချဉ်းနင်းမိကြလေသောအခါ ကြည့်ပျော်ရှုပျော် ဖြစ်လာကြရမည်လည်း ရှိသေးသည်။ ပစ္စုပ္ပန်ကံ စိတ်တို့၏ အထောက်အပံ့တည်း။

အထက်ပါ ပဋိသန္ဓေနေစမှ ဤဘဝအထိကို ပြန်လည် သုံးသပ်ပြရသော်. .

၁။ မိဘနှစ်ပါးတို့၏ ဥတုသွေး အပူအအေးနှစ်ခုတို့၏ တိုက်ခိုက်ရာအကြားမှ ဘွားခနဲပေါ်လာသော ကလလ ရေကြည် ကလာပ်စည်းဖွဲ့အဖြစ်ဖြင့် အပ်ဖျားထိပ်သို့ ပါလှာသော ဆီကြည်ဥ အသေးဆုံးလေးတမျှသော အကြည်ဓာတ်ရုပ်စုကလေးမှသည် ပသာခ(ခေါင်းခြေလက်ပေါက်ထွက်စရာ အဖုလေးငါးခုနှင့်တကွ ချင်းတက်ပမာဏသော အစိုင်အခဲ)အထိ ရက်အားဖြင့် (ငါးသတ္တာဟ) သုံးဆယ့်ငါး ရက်အတွင်းရှိ ကိုယ်ခန္ဓာကား သစ်သားတုံးတစ်ခုနှင့် ဘာမျှ မခြားနား။

တစ်ဖန် ထိုခက်မငါးဖြာ ပေါက်စရာ အဖုလေးငါးခုနှင့် တကွသော ရုပ်ဓာတ်အစိုင်အခဲသည် လူရုပ်သဏ္ဌာန် ခေါင်း၊ ခါး၊ ခြေ၊ လက် သူ့နေရာနှင့်သူ အတက်ထွက်လာခြင်း၊ မျက်လုံးနေရာ မျက်လုံး၊ နား၊ နှာ၊ လျှာ အင်္ဂါနေရာများတွင်လည်း သူ့နေရာနှင့်သူ၊ အတွင်း၌လည်း အူ၊ အသည်း၊ နှလုံး၊ ကျောက်ကပ်၊ အစာသစ်အိတ်၊ အစာဟောင်းအိတ်၊ ကျင်ငယ်အိတ်၊ စအိုဝအထိသော ကိရိယာတန်ဆာပလာများလည်း သူ့ခွင်နှင့်သူ အံဝင်ခွင်ကျ တပ်ဆင်ပြီးစီးခြင်း၊ ကံနှင့်အတူ ပါလာသူ စိတ်က လူကြီးဆွဲလိုရာ ဆွဲနိုင်ရန် ကမ္မဇလေ၊ စိတ္တဇလေတို့ တိုးဝင်လှုပ်ရှားရာ အကြောအမျှင်များကလည်း ခန္ဓာ အနှံ့တပ်ဆင်ပြီး အရိုးအရေသွေးသားများ အစားထိုးရန် သွေးသွားလမ်း

http://www.dhammadownload.com



ကြောင်း အကြောာများကလည်း ခန္ဓာအနှံ့ တပ်ဆင်ပြီး ထိုအထိကား. .

ပန်းပုဆရာ၏ လက်စွမ်းပြအရုပ်ကလေးတစ်ခုနှင့် ဘာမျှမခြားနား။

တစ်ဖန် ၎င်းတို့အပေါ် ဆိုင်ရာအကြည်ဓာတ်များ ကပ်လာနေပြီ။ ထိုအကြည်ဓာတ်များ ရင့်ကျက်လာရန် (သတ္တာဟ ၃၆)ရက်အားဖြင့် နှစ်ရာငါးဆယ့်နှစ်ရက်တို့သည် ဥပါဌ်၊ ဋ္ဌီ၊ ဘင်ဟူသော အနီးကပ်လှုပ်ရှား ပေးခြင်း၊ အဝေးနေ လှုပ်ရှားပေးခြင်း၊ ရင့်ကျက်ခြင်းအဆင့်ဆင့် ဖျက်လျက် ရှေ့တက်စေခြင်းများဖြင့် ခြယ်လှယ်မွမ်းမံနေချိန်ဖြစ်ရကား အရုပ်ဆေး ခြယ်ခြင်း၊ နေလှန်းခြင်း၊ အရောင်တက်ရန် တိုက်လှော်ခြင်းအမှု ပြုလုပ်နေ သည့် ပန်းချီဆရာ၏ လက်တွင်းရှိ အရုပ်ကလေးတစ်ခုနှင့် ဘာမျှမခြားနား။

နောက်ဆုံး မိခင်ဝမ်းမှ ထွက်ရန် ခုနစ်ရက်အလို ဆံပင်ပေါက်ခြင်း၊ ခြေသည်းလက်သည်းပေါက်ခြင်း၊ မိခင်အစာသစ်အိတ်နှင့် မိမိချက်ကို ချက်ကြိုးဖြင့် သွယ်တန်းကာ အစာသွင်းခြင်းစသည် ပြုလုပ်နေသည့်အချိန် ပိုင်းကား အရုပ်ကိုတန်းချိတ်ကာအရောင်းအဝယ်လုပ်ရာ ဈေးချိန်နှင့် ဘာမျှ မခြားနား။

ထိုမှနောက်. .

မိခင်ဝမ်းဗိုက်မှ လွန်မြောက်၍ ပြင်ပရောက်လာချိန်မှ ဤကာလသား ကာလသမီးအရွယ်တိုင်အောင်ကား ရုပ်သေးပွဲကပြရာနောက် ကြိုးဆွဲ လက်သင်အဖြစ် အစမ်းကပြနေသည့်အချိန်နှင့် ဘာမျှမခြားနား။

ဤအထိတိုင်အောင်ကို ကံသတ္တိ စိတ်သတ္တိ အာဟာရ သတ္တိ ထိုလေးမျိုး အခိုးတက်ကြွမှု အရှိန်အဟုန်တို့ဖြင့် ပြုပြင်ပေးနေရာအပိုင်းဟူ၍ အသိ အမှတ်ပြုပါလေ။ နောင်သေအထိသော နောက်ပိုင်းကာလများ၌လည်း

http://www.dhammadownload.com



ထိုသင်္ခါရလေးမျိုးတို့ ပါဝင်နေဦးမည်ဖြစ်သော်လည်း ၎င်းတို့ကို ဦးစားပေးဖော်ပြမည့်အရာ မဟုတ်ရကား ပလပ်ထားခဲ့မည်။

ဤကား သင်္ခါရတို့၏ သဘောတရားပိုင်း။

http://www.dhammadownload.com

ဝိကာရတို့၏ အထူးပြု အမူအရာကို လက်ခံရယူခြင်း

ဝိကာရဆိုသည်မှာ အထူးပြုလုပ်ခြင်းကို ရည်ညွှန်းမည်။

ထုလုပ်ပြီး အရုပ်မှာ ကပွဲဝင်အရုပ်အဖြစ် အသုံးပြုခြင်းဆိုက မမှားပြီ။ ၎င်းတို့မှာ. .

၁။ ကိုယ်ကို လှုပ်ကာ မိမိ၏အမူအရာကို သူတစ်ပါးတို့အား အသိပေးလိုက်ခြင်း၊

၂။ နှုတ်ကိုဖွင့်ဟကာ မိမိ၏အာသာကို သူတစ်ပါးတို့သို့ အသိပေးလိုက်ခြင်း၊

၃။ ကိုယ်နှုတ်ပေါ့ပါးခြင်းဖြင့် မိမိ၏စိတ်ဆန္ဒကို သူတစ်ပါးတို့သို့ပြသလိုက်ခြင်း၊

၄။ ကိုယ်နှုတ် နူးညံ့သိမ်မွေ့ခြင်းဖြင့် မိမိ၏အကြောင်းကို သူတစ်ပါးတို့သို့ မီးမောင်းထိုးပြခြင်း၊

၅။ ကိုယ်လှုပ် နှုတ်ဖွင့် သင့်တင့်ခြင်းဖြင့် မိမိ၏ အမူအကျင့်ကို သူတစ်ပါးတို့သို့ ဖွင့်ပြလိုက်ခြင်း၊

၎င်းကို ကျမ်းထွက်စကားများက ကာယဝိညာတ် ဝစီဝိညာတ်၊ လဟုတာ မုဒုတာ၊

http://www.dhammadownload.com



ကမ္မညတာ ဟူ၍လည်းကောင်း၊ ဝိကာရ ငါးမျိုးဟူ၍လည်းကောင်း သုံးနှုန်းနိုင်၏။

ထိုတွင်. .

၁/၂။ ကိုယ်ကိုလှုပ်၍ ခေါင်းညိတ်ခေါင်းခါ ခြေဟန်ပြ လက်ဟန်ပြ အမူအရာထူးများသည်လည်းကောင်း၊ နှုတ်ကိုဖွင့်လျက်က တောင်းခံခြင်း ငြင်းပယ်ခြင်းစသည် အမူအရာထူးများသည်လည်းကောင်း လူမှန်းသိတတ် ချိန်မှစတင်ကာ အသက်ဝင်၏။

၃။ တစ်ဖန် စိတ်ချမ်းသာချိန်၊ အာဟာရမျှတချိန်၊ ဥတုသာယာချိန်များနှင့်တကွ စိတ်ဝယ် ရာဂနိုး၊ ဒေါသနိုး၊ မာနနိုးစသည် ကြီးစိုးသဖြင့် ဘဝင်လေနှိုး စိတ်တန်ခိုး စိတ်သတ္တိ တက်ကြွနေချိန်မျိုးများဝယ် ကိုယ်၏သွက်လက်ပေါ့ပါးမှု၊ လန်းဆန်းတက်ကြွ…တို့ ဖြစ်ပွားတတ်ချေရာ မြူးထူး ပျော်ပါးတတ်စ ကာလသား ကာလသမီးတို့ ဘာသာဘာဝ၌ လဟုတာရုပ် ပို၍အလုပ်လုပ်၏။

၄။ သမထ ဘာဝနာအလုပ် အားထုတ်ချိန် တရားထူးရချိန်မျိုးနှင့်တကွ အရာရာသည်းခံခွင့်လွှတ်တတ်ခြင်း၊ စိတ်သဘောထားကြီးခြင်း၊ ရှေ့နောက်တိုင်းထွာဆင်ခြင် ဉာဏ်ပါခြင်း စသည်အချိန်မျိုးများဝယ် ကိုယ်နူးညံ့သိမ်မွေ့မှု အထူးပြနေတတ်ရာ ဉာဏဒသကခေါ်သော အသက် ငါးဆယ်အရွယ်တွင် မုဒုတာရုပ် ပို၍အလုပ်လုပ်၏။

၅။ ကောင်းမှုပြုလုပ်ချိန်သည် စိတ်စေတသိက်တို့ ခံညားတည်ငြိမ်၏။

ဘဝအတွေ့အကြုံ ရင့်ကျက်ချိန်သည်လည်း စိတ် စေတသိက်ကို ခံ့ညားတည်ငြိမ်၏။

ဝိပဿနာဘာဝနာအလုပ် အားထုတ်ချိန်လည်း စိတ် စေတသိက်တို့

http://www.dhammadownload.com



ခံညားတည်ငြိမ်၏။

မဂ္ဂင်မှထွက် မဂ်သို့တက်ချိန်သည်လည်း စိတ်စေတသိက်တို့ ခံညား တည်ငြိမ်၏။

သို့ကြောင့် . .

ကမ္မညတာ၏ အလုပ်လုပ်ချိန်သည် ယင်းအမူပြုရာ၏ ကာလပိုင်းပင်ဖြစ်တော့သည်။ အရွယ်အားဖြင့်ကား ပိုင်းခြား၍ မရတော့ပြီ။

ထိုအထူ အမူရာပြင်းမျိုးတို့သည် သခါရတို့ ပြုပြင်ပေး ထားသောရုပ်ကို အထူးမွမ်းပေးနေခြင်းပင်ဖြစ်ရာ ပန်းချီဆရာ ဟူ၍လည်းကောင်း၊ အရုပ်ကြိုးဆွဲ ကပွဲဝင် ကပွဲကပြစားသမားဟူ၍လည်းကောင်း နှစ်မျိုးသတ်မှတ် သမုတ်အပ်သင့် လှချေသည်။

ဤကား လူတို့ကို ဝိကာရင်းမျိုးတို့က အထူးအမူရာ အလုပ်ခိုင်းနေသောအပိုင်း။

http://www.dhammadownload.com

http://www.dhammadownload.com

လက္ခဏာလေးချက်တို့က ရုပ်သက်နာမ်သက်များကို သက်တမ်းတိုးပေးနေခြင်း

စိတ်သည် စက္ကန့်တစ်ချက်အတွင်းမှာပင် ဖြစ်၊ တည်၊ ပျက် အကြိမ်ပေါင်းကုဋေချောက်ထောင်ခန့်ဖြင့် အပျက်မှ အပျက်ခရီးဆက်နေပါသည်။

သို့မဟုတ်. .

ရှေ့ရုပ်တို့ ပျောက်ရှရာ နောက်နောက်ရုပ်တို့ အစားဖာ (စိတ်လည်းနည်းတူ) သဘာဝတို့ဖြင့် စက္ကန့်နှင့်စက် ရှေ့သို့သာ တာထွက်နေကြပါသည်။

ထို ဖြစ်-တည်-ပျက် အချိန်တိုသုံးချက်တွင်. .

(က) အဖြစ်ဟူသည် ရှေ့ဖဝါးသွားချိန်၊ နောက်ဖဝါး ခေတ္တနားနေသည့် ပမာသာ၊ သို့မဟုတ် လှမ်းမှုတစ်ခုကို ဖျက်၍ ခေတ္တချထားမှု ပျက်စုတစ်ခုမျှသာ။

(ခ) အတည်ဟူသည် ဖဝါးတစ်လှမ်းအကြား အချိန်နေရာ ဖြတ်တောက်ပေးထားသည့်အရာသာ၊ သို့မဟုတ် တစ်ပျက်နှင့်တစ်ပျက်အကြား နေရာခြားနားပေးထားခြင်းသာ။

(ဂ) အပျက်ဟူသည် တစ်ဖဝါးလှမ်းခရီး တစ်ချီပြီးဆုံးသည့် အရာပမာသာ၊

http://www.dhammadownload.com



သို့မဟုတ် အပျက်သေးခရီးပေါင်း၏ နောက်ဆုံးပျက်ချိန်၏ ကာလပိုင်းလေးသာ။

သို့ကြောင့်. . .

ဖြစ်တည်ပျက်ဟူသော ထိုသုံးချက်သည် လုစ္စတိ ပလုစ္စတိတိ လောကော - လောကဟူသော လူသားသည် အပျက်မှ အပျက်ဆက်နေခြင်းပင် တည်းဟူသော သဘာဝယုတ္တိနှင့်အညီ အပျက်၏အစ၊ အလယ်၊ အဆုံးဟူသည့် တစ်ခုတည်းသာ။

ထို ဖြစ်၊ တည်၊ ပျက်ကိုပင်. .

၁။ ပဋိသန္ဓေတည်စရှိ ဖြစ်စလေးကို ဥပစယအစဖြစ်ဟူ၍ အမည်ပေးထား၏။

၂။ နောက်နောက်ရှိ ဖြစ်စဉ်များကိုကား သန္တတိကတိ ကတိကျယ်ပွားခြင်း အမည်တွင်စေ၏။

၃။ ပဋိသန္ဓေတည်စမှ သေအထိကို ဇရတာရင့်ရော်ခြင်း အမည်တွင်စေ၏။

၄။ ပဋိသန္ဓေတည်စမှ သေအထိ အပျက်ကို အနိစ္စတာ မမြဲမှု ပျက်စီးမှု အမည်တွင်စေ၏။

၎င်းတို့ကို မြန်မာမှုဖြင့် ဥပမာပြုရသော်. .

ဆန်တို့ကို အမှုန့်ထောင်းကာ ရေဖြင့်နယ်၊ ဆီအိုးကင်း ထဲထည့်၍ ကြော်လေရာ ဆန်ပျက်က အမှုန့်ဖြစ်ခြင်း၊ အမှုန့်ပျက်က မုန့်ဖြစ်ခြင်း၊ မုန့်ဖြစ်သည်လည်း ဝါးရခြင်း၊ ဝါးရင်းက အစာဖတ် အစာသစ် အစာဟောင်း မစင်ဖတ်၊ ကြာသော် မြေဖြင့်ပေါင်းလျက်က လုံးဝပျက်သွားသည်ပမာ။

ဆန်တို့ကို အမှုန့်ထောင်းရာ၌လည်း တည်နေဟန် အကြီးအသေး၏

http://www.dhammadownload.com



တစ်ခုနှင့်တစ်ခုအကြား ဖြစ် တည် ပျက် သုံးချက် လမ်းသလား၏။

အမှုန့်တို့ကို နယ်ရာ၌လည်း တည်နေဟန် အခြောက်မှ အစိုနှစ်ခု၏ တစ်ခုနှင့်တစ်ခုအကြား ထိုဖြစ်တည်ပျက် လမ်းသလား၏။

မုန့်ရည်တို့ကို ကြော်ရာ၌လည်း တည်နေဟန် မကျက် နှင့်အကျက် တို့အကြား ထိုဖြစ်တည်ပျက် ကစားနေ၏။

တစ်ဖန် မုန့်ကြော်ကို စားရာ၌လည်း တည်နေဟန် ပုံပျက် ပုံမပျက် တို့အကြား ထိုဖြစ်တည်ပျက်များ ကစားနေကြရာ ဝါးဖတ်၏တစ်ချက် တစ်ချက် အဝါး၌ဖြစ်စေ၊ ဝါးဖတ်၏ တစ်ခါတစ်ခါ မျိုတို့၌ဖြစ်စေ အပျက်ကို အဖြစ်လုပ်လျက်က ရှေ့အပျက်သို့ ဆက်ပေးထားခြင်း၊ တစ်ပျက်နှင့် တစ်ပျက် အကြား အခိုက်မျှခြားပေးထားခြင်း၊ ဒုတိယအပျက်သို့ ဆက်သွားခြင်းများဖြင့် သာ ကုန်လွန်ရချေသည်။

သည့်အတူ ဝါးဖတ်မှ အစာသစ်အိတ်ထဲ ဝင်ရောက် တည်းနေသော အခါ အစာသစ်အိတ်မှ အစာဟောင်းအိတ်ထဲသို့ ပြောင်းလဲခိုနားနေသော အခါ ကံလေနှင့် စိတ်လေတို့ တွန်းထိုးအားဖြင့် စအိုဝတံခါး တွားသွားနေသော အခါ ထိုမှ တစ်ဆင့် မြေသို့သက်ကာ နောက်ဆုံး မြေသားလွှာနှင့် ရောမိ သွားလေသောအခါမျိုးတို့အထိ ထိုဖြစ်တည်ပျက်တို့ကား ဆက်တိုက်မခြား တိုက်စား စားလျက်ကသာ။

ထိုဖြစ်တည်ပျက် သုံးချက်တို့ဝယ်. .

မမြဲခြင်း လက္ခဏာ၊ ပျောက်ပျက်ခြင်း လက္ခဏာ၊ မသေချာသော လက္ခဏာစုသုံးပါးတို့သည်လည်း အချက်ပြ အမှတ်အသားများပမာ လိုက်ပါ နေကြလျက်ကသာ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ရှင်းတို့သည်. .

(၁) မမြဲခြင်းလက္ခဏာ အနိစ္စအချက်က ဟော လျှပ်ပျောက် ပျောက်သွားပြီဟူ၍ မှတ်ချက်ပေး၏။

(၂) ပျောက်ပျက်ခြင်းလက္ခဏာ ဒုက္ခအချက်က ဟော ပျောက်ပျက်သွားပြီဟူ၍ မှတ်ချက်ပေး၏။

(၃) မသေချာခြင်းလက္ခဏာ အနတ္တအချက်က ဟော ဘာမျှမတွေ့ရဟူ၍ မှတ်ချက်ပေး၏။

သည့်ပမာလျှင်. .

ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ရှိ ဥပစယ သန္တတိ ဇရတာ အနိစ္စတာ အမည်ရဖြစ်တည်ပျက် လက္ခဏာသုံးဝတို့သည်လည်း မိခင်ဝမ်းတွင်း ကလလရေကြည်စက်ကလေးတစ်စက် ချဉ်းနင်းမိချိန်မှသည် သေသည့်ကာလ မြေသို့ချသက်သည် အထိတိုင်အောင်ပင်ဖြစ်ခြင်း၊ ထိုအဖြစ်ကို စဉ်ပေးခြင်း၊ ရင့်ကျက်စေခြင်း၊ ဖျက်ဆီးပစ်လိုက်ခြင်းများစွာဖြင့်. .

ရုပ်သည် ဖောက်ပြန်ခြင်းသဘာဝဟူသော လက္ခဏာကို ဖော်ကျူးပြသနေကြပါသည်။

နာမ်သည်လည်း ရုပ်နှင့်ထပ်တူသာပါဟူသော သဘာဝကို ဖော်ပြနေကြပါသည်။

သို့ကြောင့် ပထမတစ်စက္ကန့်အတွင်းရှိ ရုပ်သွင်မျိုးသည် ဒုတိယမြောက်တစ်စက္ကန့်ကာလသို့ ပါချမလာကြတော့ပါ။ သည့်အတူ ဒုတိယစသည်တို့ရှိ ရုပ်သွင်မျိုးတို့သည်လည်း တတိယ၊ စတုတ္ထ စသည် စက္ကန့်များဆီသို့အထိ ပါမလာကြတော့ပါ။

http://www.dhammadownload.com



ရုပ်စဉ်တို့၏ ဖြစ်ပေါ်တိုးတက်လာခြင်း၊ ကြီးပြင်းခြင်း၊ ယိုယွင်းခြင်းတို့သည် ကံအရှိန်၊ စိတ်အရှိန်၊ ဥတုအရှိန်၊ အာဟာရအရှိန်တို့က သဘောကြီးတစ်စင်း ခုတ်မောင်းရင်းက ဆီဖြည့်ခြင်း၊ စက်ရှိန်တင်ခြင်း၊ စက်အစိတ်အပိုင်းများ ပြင်ပေးခြင်း၊ စက်ဆီထည့်ခြင်းများဖြင့် လိုက်ပါပြုလုပ်ပေးနေသော စက်သမား များပမာဖြစ်ပြီး

ထိုသဘောကြီး မည်သည့်ရေကြောင်းအတိုင်း မောင်းနေပါသည်၊ မည်သည့်ဘက် မောင်းနေသည်၊ ရေစူးမည်မျှအထိ နစ်ဝင်နေသည်၊ မည်သည့်အနားထိ ရောက်နေသည်များကို ထိုလက္ခဏာများက ပြသပေးနေသည့်ပမာ ဖြစ်ပါသည်။ ထိုသဘောကြီး သွားလိုရာခရီး မြီးစီးလျှင်ကား လမ်းဆုံးပြီဟူ၍ပင် ဆိုရပါမည်။

ဤကား လက္ခဏာတို့က ပုံဖော်ပေးနေသောအပိုင်း။

http://www.dhammadownload.com

http://www.dhammadownload.com

ပညတ်တို့က ရုပ်ကို ပုံစံဖော်ပေးလိုက်ခြင်း

သဒ္ဒါရတို့က ရုပ်ကို ကပြအသုံးတော်ခံနိုင်သည်အထိ ထုလုပ်ပေးအပြီး. .

ဝိကာရတို့က ယောကျ်ားအမူအရာ မိန်းမအမူအရာ စသည်ကို ပိုင်နိုင်စွာ သင်ပေးအပြီး

လက္ခဏာတို့က လှုပ်ရှားကပြ ပရိသတ်ပွဲကျသည်အထိ သရုပ်ယူရချေတော့မည်။

ပျော်ရွှင်ကြမ်းကြုတ် ယောကျ်ားရုပ် မိန်းမရုပ်များ ပေါ်လွင်စေသည်အထိလည်း သဏ္ဌာန်လုပ် သရုပ်ဖော်ပေးရချေတော့မည်။

ဇာတ်လမ်းဇာတ်ကွက် သူ့အချက်နှင့်သူ ပိုင်နိုင်စွာ စကားတန်ဆာ၊ အကတန်ဆာ၊ အလှတန်ဆာများဖြင့် ပြင်ဆင်ကာ ကပွဲဝင်ပေးရ ချေတော့မည်။

မင်းသားကား မည်သူ၊ မင်းသမီးကား မည်ဝါ၊ လူရွှင်တော်များကား မည်ဟာတွေပါကိုလည်း ကြေညာပေးရချေတော့မည်။

နတ်တလှစာစဉ်

http://www.dhammadownload.com



ပညတ်သည်. . .

(၁) အများစုတစ်ခုထီးတည်းကို အထူးသိသိရန် နေရာယူထား၏။ သတ္တဝါအများစုထဲမှ လူဆိုသော အမည်၊ လူအများစုထဲမှ ယောကျ်ား မိန်းမဆိုသောအမည်၊ ယောကျ်ား မိန်းမ အများစုထဲမှ မည်သူမည်ဝါဆိုသော အမည် အထိ တာဝန်ယူရ၏။

ထိုသို့ ယူပြီးသော်. .

(၂) ၎င်းတို့၏ရုပ်စုများ ဖဝါးမှ ဆံဖျားတိုင်အောင်အထိ အစဉ်တကျ သဏ္ဌာန်နေရာနှင့်သူ ရှိကြရမည်ကိုလည်း တာဝန်ယူရ၏။

ထိုသို့ယူပြီးသော်. .

(၃) အပွန်းအပဲ့၊ အနာအဆာများ ပေါ်ပေါက်လာပြီး အင်္ဂါမပီမသ ဖြစ်စရာအခြေအနေအရပ်ရပ်ကိုလည်း ထပ်ဖို့ခြင်း၊ စုစည်းပေးခြင်း၊ ချည်နှောင်တုပ်ဖွဲ့ထားခြင်း စသည်များအထိလည်း တာဝန်ယူရ၏။

ထိုသို့ယူပြီးသော်. .

(၄) နောက်ဆုံး ယောကျ်ားသဏ္ဌာန်၊ မိန်းမသဏ္ဌာန် စသည်တို့ ပုံစံမပျက် ဆက်လက်တည်ရှိနေရန်အထိပါ တာဝန်ယူရ၏။ ၎င်းကို ကျမ်းထွက်စကားက နာမပညတ်၊ သန္တတိပညတ်၊ သမူဟပညတ်၊ သဏ္ဌာနပညတ်ဟူ၍ပင် ပညတ်လေးမျိုး ကမ္ပည်းထိုးပေးထားပါသည်။

ထိုပညတ်တို့သည်. .

မိုးဦးကျနေအဝင် အနောက်ခွင်ဝယ် တိမ်တောင်တိမ်လိပ်ခေါ် မိုး၏ အငွေ့အသက်တို့ ဘုရင်အသွင်၊ မိဖုရားအသွင်၊ ဆင်အသွင်၊ ရှင်လောင်းလှည့်အသွင်စသည် ဖော်ပြနေသည့်ပမာ ဖြစ်စဉ်အပေါင်းအစုသဏ္ဌာန်များ

http://www.dhammadownload.com



ကလည်း ပညတ်ပေးပါမည်။

တစ်ဖန် နွေခေါင်ခေါင် ပင်လယ်ရေ တက်ဖူးရာ သဲသောင်ဝယ် တံလျှပ် ခေါ် အခိုးအငွေ့တို့ အဖြူရောင်အရိပ်များ ထပ်မနားတက်နေပါသည်ကို ရေဖွေဖွေတွေ့ပါဟူ၍ မှတ်သားနေသည်ပမာ ရုပ်ရှိကံအရှိန်၊ စိတ်အရှိန်၊ ဥတုအရှိန်၊ အာဟာရအရှိန်တို့၏ အရိပ်အငွေ့များ ထပ်မခြားတက်နေ ပါသည်ကိုလျှင် လူပါ၊ နွားပါ၊ ယောက်ျားပါ၊ မိန်းမပါ၊ လူကြီးပါ၊ ကလေးပါဟူ၍ ပညတ်ပေးပါမည်။

ထိုပညတ်ချက်အပေါ် မှင်သက်နေမိကြပါသောလူတို့သည်. .

ယောက်ျားဆိုသူသည် မိန်းမကိုမျှော်၍ မိန်းမဆိုသူကလည်း ယောက်ျား ကို တ,နေမည်။ ကလေးဆိုသူသည် လူကြီးကို အားကိုး၍ လူကြီးဆိုသူကလည်း ကလေးကို ဖိုးမိုးနေလိမ့်မည်။ လူဆိုသည် နွားကို ခိုင်းစားနေ၍ နွားဆိုသူက လည်း လူထားရာနေလိမ့်မည်။

ဤနည်းဖြင့်ပင် ဇာတ်လမ်းဇာတ်ကွက် သရုပ်ဆက်နေကြပါသည်။

ဤနည်းဖြင့်ပင် ပျော်ပုံ၊ လွမ်းပုံ၊ ကြမ်းတမ်းပုံ ပုံဖော်ပေး နေကြပါသည်။

တကယ့်သဘာဝကား ရုပ်တွင်းရှိ ကံရှိန်၊ စိတ်ရှိ ဥတု၊ အာဟာရအရှိန်တို့ တိုးဝင်လှုပ်ရှားကြရာမှ ရုပ်၏ဖောက်ပြားခြင်း၊ ရုပ်ဖောက်ပြားရာမှ အမူ အရာအထူးများ ထင်ရှားလာခြင်း၊ အမူအရာအထူး ထင်ရှားလာရာမှ ဖြစ်တည်ပျက် လက္ခဏာအချက်များ အကွက်ဝင်လာခြင်းမျှသာ အတွင်း ရှိ၏ သရုပ်မှန်များတည်း။

မြင်ပကြည့် လူသားများကား ဒါကဘာ၊ ဒါကညာဖြင့် ပညတ်ချက် အသက်ထင်ကာ ပြုံးစရာထင် ပြုံး၊ မုန်းစရာထင် မုန်း၊ လုံးစရာထင်

http://www.dhammadownload.com



ဝင်လုံးကြချေတော့သည်။

ပန်းချီဆရာသည်. .

၎င်း၏စိတ်ကူး စိတ်သန်းဖြင့်ပင် ပိတ်ကားပေါ် ဆေးရောင်စုံတို့ အစက်ချ တို့ခြင်း၊ ပထမကောက်ကြောင်းပြခြင်း၊ ဒုတိယအုပ်စုဖွဲ့ပေးခြင်း၊ တတိယ ပုံဖော်ပေးခြင်းတို့အထိ စုတ်ချက်ကလိပေးရာ မိန်းမရုပ်သွင်တစ်ခု ပေါ်လွင် လာ၏။

၎င်းကို ပဟေဠိဆန်သော မသူဇာဟူ၍ အမည်ပေး လိုက်ရာ. .

ပန်းချီပြပွဲလာရောက်အကဲခတ်ကြလေသူ လူအားလုံးတို့ကပင် မသူဇာ ရဲ့မျက်နှာက လောကကြီးကို မမူဘူးလို့ ပြောနေတာလား၊ လောကကြီးကို မကျေနပ်ဘူးဟူ၍ ဆိုလိုနေတာလားမသိ၊

မသူဇာရဲ့ လက်အနေအထားက လက်ခံပါသည်လို့ ပြောနေတာလား၊ လက်မခံပါလို့ ပြနေတာလားမသိ၊

မသူဇာရဲ့ခြေများကလည်း သွားတော့မယ် ဟန်ပြင်နေတာလား၊ ခဏ ရပ်ဦးမယ်ဆိုလိုနေတာလားမသိ၊

ဤသို့လျှင် ဝေဖန်ချက်ပေးကြပါကုန်၏။ အိမ်များ ရောက်ကြသော်မှ လည်း ထိုမသူဇာ၏ပြဿနာ အဖြေရှာကြလျက်ကသာ။

စင်စစ်ကား မသူဇာဟူ၍ တကယ်မရှိပါ။

ပန်းချီဆရာ၏ စိတ်ကူးစိတ်သန်းဖြင့်ပင် ပိတ်ကားချပ်၊ ဆေးရောင်စုံ၊ စုတ်တံ၊ လက်၏ခြယ်မှုန်းမှု အပေါင်းအစုတစ်ခုဖြင့် ဖန်တီးထားခြင်းသာ။

သည့်ပမာလျှင် ဤ၌လည်း ကံစိတ်ဥတု အာဟာရတို့၏ ဖန်တီးမှု ကြောင့် ရုပ်ဖြစ် နာမ်ဝင် လှုပ်ရှားအသက်ဝင် လာသောဖြစ်အင်ကို ပညတ်သုံး

http://www.dhammadownload.com



ခုတို့က ပုံဖော်၊ ပညတ်တစ်ခုက အမည်တပ်ထားကိုပင် လူပါ၊ နွားပါ၊ ယောက်ျားပါ၊ မိန်းမပါ ပြောစမှတ်ထားနေကြခြင်းတည်း။။

ဤကား ပညတ်ထင်အပိုင်း။

http://www.dhammadownload.com

http://www.dhammadownload.com

ရွှေဘိုတင်မောင် ရုပ်စုံသဘင်ကြီး

သဓိါရ၊ ဝိကာရ၊ လက္ခဏာပညတ်တို့ကြောင့် . .

ယနေ့ လူ့အသွင်၊ နွားအသွင်၊ ကျားအသွင်၊ ငါးအသွင် စသည့် ခန္ဓာပိုင်ရှင်အဖြစ်သို့ သတ္တဝါအားလုံး ရောက်ရှိလာကြပါပြီ။

တစ်ဖန် အညီမွေး၊ ဥခံမွေး၊ ဝမ်းလွယ်မွေး၊ အပမှိမွေးတို့မှ ဆင်းသက်လာကပြီး ဖြစ်စဉ်များလည်း တစ်စတစ်စ ကြီးပြင်းလာကြပါပြီ။

လူလောကကြီးသည် လူ့သရုပ်ထုတ်ဆိုရာ လူ့ဇာတ်ခုံကြီးတည်း။

နတ်လောကကြီးသည်လည်း နတ်သရုပ်ထုတ်ဆိုရာ နတ်ဇာတ်ခုံကြီးတည်း။

တိရစ္ဆာန်လောကသည်လည်း တိရစ္ဆာန်သရုပ် အလုပ်လုပ်ရာ တိရစ္ဆာန်ဇာတ်ခုံကြီးသာ။

ဤ၌ အမြင့်သဘင်ခေါ် ရုပ်သေးစင်ကြီးမှာ တရားဟော နေပါ၏။

ရှေးအခါက လူတို့သည် သဘင်ပညာကိုလည်း နှစ်သက်၊ ရှက်ကလည်း ရှက်ကြလေရာ လူနောက်ထား အရုပ်များက ရှေ့ထွက်ကပြပေးကြရပါသည်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုတွင်. .

သတ္တဝါတို့၏ ကိုယ်ခန္ဓာဝယ်ဖွဲ့စည်းထားသော ရုပ် အပေါင်းက ၂၈ မျိုး (ရုပ်ကြမ်း ၁၆၊ ရုပ်နု ၁၂ စသည်) မျှရှိရာ စင်တင်အရုပ်ကား ၂၈ ရုပ်ထားပေးရ၏။ ငါးသတ္တဝါမှ လူရုပ်အထိတည်း။

ထိုအရုပ်တို့ လှုပ်ရှားကပြကြရာတွင်. .

လောကတွင် အများဆိုင် အမှန်တရား သစ္စာကား လေးပါးမျှသာ၊ (ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂလေးပါးမျှသာ) ရှိရာ. .

ခေါင်း၊ ခါး၊ ခြေ၊ လက် ဤလေးချက်ဖြင့်ပင် ကပြရပါသည်။

တစ်ဖန် စင်အောက်နေ ဇာတ်ပို့ပံ့ဖော်တီးမှုတ်ပေးကြရသော တူရိယာများသည်လည်း. .

ထိုသတ္တဝါတို့ တည်နေရာဘုံကား ၃၁ ဘုံမျှရှိခြင်းကြောင့် ဗုံ ၃၁ လုံး (ဝိုင်းပတ်လည် ၂၁၊ ခြောက်လုံးပတ် ၆၊ စာခွံ့ ၁၊ ပတ်မကြီး ၁၊ စည်တို ၁၊ ဗျော ၁ ၊ ပေါင်း ၃၁) မျှ ထားရှိပေးရ၏။

ထိုသတ္တဝါတို့၏ ခန္ဓာစုသည် ငါးခုမျှရှိသောကြောင့် တူရိယာအမျိုးအစားများလည်း ငါးမျိုး (ဗုံ၊ ကြေးတပ်၊ ဝါး၊ လေမှုတ်၊ လက်ခတ်ငါးမျိုး)မျှ ထားပေးရ၏။

ထိုသတ္တဝါတို့၏ အကြောင်းခံ အာယတနများ ၁၂ ပါးမျှရှိသောကြောင့် မောင်းကြေးနင်းဆိုင်းသည် အဖွဲ့ငယ်၌ ၁၂ လုံးထားသုံးရသည်ဆို၏။

ထိုသတ္တဝါတို့၏ သဘာဝအတိုက်ဓာတ်၊ အခံဓာတ်၊ အကျိုးပေါ် ဓာတ်ကား ၁၈ ပါးအထိ ရှိလေသောကြောင့် အချို့မောင်းကြေးနင်းဆိုင်းသည် အဖွဲ့ကြီးများ၌ ၁၈ လုံး ထားသုံးပေးရဆို၏။

နတ်တလှူစာစဉ်

http://www.dhammadownload.com



ထိုသတ္တဝါတို့၏ ခန္ဓာဝယ် ရုပ်ဓာတ်၊ နာမ်ဓာတ်နှစ်ပါးမှ ရှိသောကြောင့် စည်းနှင့်ဝါး(စည်ကား နာမ်ကိုယ်စား၊ ဝါးကား ရုပ်ဖို့) နှစ်မျိုးထားပေးရဆို၏။

မှတ်ချက် - ပတ္တလားကြေး နောင်တို့ကား ပတ်ဝိုင်းကြီး၏ အရန်အကူမျှသာ။

တစ်ဖန် ထိုသတ္တဝါတို့သည် မည်သည့်ဘုံနေနေ ဖြိုဟ် ခုနစ်လုံးတို့၏သတ္တိဖြင့်ပင် အသက်ဝင်နေရသောကြောင့်. .

လေမှုတ်နှဲပလွေ စသည်တို့၌ကား သံစဉ်ခုနစ်ပေါက်မျှဖြင့်သာ မှုတ်လွှင့်ပေးရသည်ဆို၏။

ရုပ်စုံဇာတ်အဖွဲ့ကြီးတစ်ဖွဲ့ကား ဖွဲ့မိသွားကြလေပြီ။

ထိုစဉ်. .

သတ္တဝါတို့သည် ၃၁ ဘုံဝယ် အာရုံ အတိုက်အခံများဖြင့်သာ ခုနစ်ရက်သားသမီးချင်း ပျော်ခြင်း၊ ပါးခြင်း၊ ဆော့ကစားခြင်းအမှု ပြုနေကြသောကြောင့်. .

သီချင်းဆို၍ သရုပ်ဖော်ရာ၌ ပုံဖြစ်သော ပတ်ဝိုင်းကြီးက ဒိုင်း၊ ပတ်ဖြစ်သော ခြောက်လုံးပတ် စသည်တို့ကအထောက်နှင့်တကွ မောင်းနှဲစည်းဝါးစသည့် တူရိယာများဖြင့် သီဆိုကျူးရင့်ရပါသည်။

သီဆိုအပြီး က,မည်ပြုသောအခါတွင်ကား. .

သတ္တဝါတို့သည် အာရုံခြောက်ပါး လိုက်စားလျက်ကသာ ၃၁ ဘုံအရှုပ်တွင်း ချည်းနင်းဝင်ရောက်ကြရသောကြောင့် . .

ကကြိုးကကွက်များကို ခြောက်လုံးပတ်ဆရာ၏ တီးပေးသောအတိုင်းသာ ပုံဖော်ကပြရပါသည်။

ဤသို့ဖြင့် နောက်ကွယ်လူက သီချင်းဆို၊ ကြိုးဆွဲဆရာက ကကြိုးလုပ်၊

http://www.dhammadownload.com



အရုပ်က က,ဖြင့် စင်ပေါ်ဝယ် ဇာတ်စနေပါသည်။ စင်အောက်မှာကလည်း နောက်ကွယ်လူ၏ ပြောသံ ဆိုသံ ငိုသံတို့ကို နားထောင်လျက်ကသာ တီးကွက် တီးချက် လက်မပျက်တီးခတ်မှုတ်လွှင့်ပေးနေကြရပါသည်။

ရံတစ်ခါ စင်ပေါ်ရှိ နောက်ကွယ်လူက မြူးကြွကြွသီချင်း ဆိုပေးလိုက်ရာ ဗုံပတ်အားလုံးတို့သည်လည်းကောင်း၊ ကြိုးဆွဲဆရာသည်လည်းကောင်း၊ ရှေ့ထွက် အရုပ်ကလေးသည်လည်းကောင်း မြူးမြူးကြွကြွပင် တီးမှုတ် ကပြပေးရပါသည်။ ရံတစ်ခါ စင်ပေါ်လည်းတက်၊ နောက်ကွယ်လျက်ကလည်း ရှိသောလူက အလွမ်းသီချင်းဆိုပေးလိုက်ရာ ဗုံပတ်အားလုံးတို့သည်လည်းကောင်း၊ ကြိုးဆွဲဆရာသည်လည်းကောင်း၊ ရှေ့ထွက်အရုပ်ကလေးသည်လည်းကောင်း အားအင်ကုန်ခန်း ပန်းလျသည့်အသွင်ဖြင့်ပင် တီးမှုတ်ကပြပေးကြရပါသည်။

ရံတစ်ခါ စင်မြင့်နေ နောက်ခြေယှာလူတို့က အချင်းချင်းအပြန်အလှန် ရန်တွေ့သံ၊ ကလူကျီစယ်သံ စသည်များ ဟပေးလိုက်ကြလေရာ

အရုပ်ကြိုးဆွဲသမားတို့သည် ကြိုးအတိုးအဆုတ် ပြုလုပ်ပေးကြရပါသည်။

အရုပ်ကလေးတို့သည်လည်း လက်ညှိုးတထိုးထိုး၊ ခေါင်းခါးတို့ကို ချိုး၍ချိုး၍ ဆိုးဟန်၊ နွဲ့ဟန်၊ ခရာတာတာဟန်ဖြင့် ဟန်ရေးပြကြရပါသည်။

ဗုံပတ်အားလုံးတို့သည်လည်း ဇွေတန်ဇွေ၊ ထုတန်ထု၊ ပို့တန်ပို့ လိုက်တန် လိုက်တို့ဖြင့် တီးမှုတ်ပေးကြရပါသည်။ သို့ကြောင့်. .

နောက်ကွယ်ပုန်းအသံရှင်တို့၏အလို ကြိုးဆွဲသူ ကြိုးဆွဲခံ အရုပ်များနှင့် တူရိယာအစားစားတို့ လိုက်နာကျင့်သုံးနေကြရခြင်းဆိုက မမှားတန်ရာပြီ။

ထိုရုပ်စုံသဘင်တို့၏ ခေတ်သိမ်းချိန်တွင် ရွှေဘိုတင်မောင်၏ ရုပ်စုံသဘင်သည် ရွှေမန်းတင်မောင်နှင့် ရွှေဘိုမြို့ဝယ် ယှဉ်ပြိုင်ကစဉ် ရွှေမန်းတင်

http://www.dhammadownload.com



မောင်ထက် လူကြိုက်များ အားပေးသည်အထိ ခေတ်စားသွား၏။

ထိုရွှေဘိုတင်မောင်၏ ရုပ်စုံသဘင်ဝယ် . .

ရွှေဘိုတင်မောင်ကား မက မပြပါ။ ဆိုရုံငိုရုံသာ အသံပေးပါသည်။

မင်းသားရုပ်ကလေးကား မဆို မငိုတတ်ပါ။ အမူအရာ အမျိုးမျိုး လုပ်ပြရုံသာပါ။

ကြိုးဆွဲဆရာကား ကလည်း မက၊ ဆိုလည်းမဆိုတတ်ပါ။ ကြိုးဆွဲ ပေးတတ်ရုံလေးသာ။

တူရိယာတို့ကား သူတည်နေဟန်လိုက်၍ သံစဉ်၏ အသံရှင်မှုသာ၊ သို့သော် တစ်ဖက်သီဆိုသံ နာခံ၍ အသံ မလွတ်တတ်ကြပါ။

တူရိယာသမားတို့ကား တစ်ဖက်သီဆိုသံကို နားလည်ပြီး အသံကို စီစဉ်ပေးတတ်ကြပါသည်။ သို့သော် သံစဉ်တို့ကိုကား မပိုင်ဆိုင်ကြပါ။

ဤသို့သော် မသိသူနှင့် မတတ်သူတို့ တစ်ခုနှင့်တစ်ခု အပေးအယူလုပ်၍ ဇာတ်ထုပ်တစ်ခုကို ကိုင်တွယ်ပြကြလေရာ. .

အပြောကလည်း ပိုင်၊ ကြိုးကိုင်ကလည်း ကောင်းသောကြောင့်၊

အတီးကလည်း ပိုင်၊ သံစဉ်များကလည်း လှိုင်သောကြောင့်၊

မြိုင်လည်းမြိုင် ဆိုင်လည်းဆိုင်သော ညီညွတ်သည့် ဇာတ်ပွဲကြီး ဖြစ်သွားကြရလေတော့၏။ အရုပ်ကလေးသာဆိုရ လူကနေသလိုလေးပါလား ပြောယူကြရ၏။ ရုပ်သေးသာဆို လူ့ဝိတာနဲ့ ဘာထူးလို့တုံး ဝေဖန်ကြ၏။ ထိုအခါ. .

ရွှေဘိုတင်မောင်တယ်ကောင်း၊

သောင်းသောင်းဖျဖျ ဩဘာလက်ခုပ်တို့ ကျကြလေပြီ။

သည့်ပမာလျှင်

နတ်တလူစာစဉ်

http://www.dhammadownload.com



လူလောကဇာတ်ခုံဝယ် လူသားတို့ လှုပ်ရှားပြသကြရာ၌လည်း အစွဲစိတ်က ကြံစည်လှုံ့ဆော်ပေး၊ အစွဲရုပ်တွင်းရှိ စိတ်ကြောင့်ဖြစ်သော လေခိုး၊ ကံကြောင့်ဖြစ်သော လေခိုး၊ ဥတုကြောင့်ဖြစ်သော လေခိုး၊ အာဟာရကြောင့်ဖြစ်သော လေခိုးများက သွေးကြောလေကြောများကို လှုပ်နှိုးပေး၊ အစွဲရုပ်ရှိ ကိုယ်ထည်နှင့်တကွသော ခေါင်းခါးခြေလက်များက ပြောတန်ပြော၊ ရောတန်ရော၊ ပြင်ပအာရုံဝတို့ကလည်း တီးမှုတ်ခြင်းဖြင့် ပို့ပေးနေကြသော တူရိယာပညာသည်များပမာ အတိုက် အတွဲ အညှိအခေါ်များဖြင့် ဝိုင်းထောက် ထောက်ပေးကြလေသောအခါ. .

ကောင်းမှုပြုရာ၌လည်း စုစုဝေးဝေး ကောင်းရောင်ကလေးတည်း၊

ဆိုးမှုပြုပြန်ကလည်း စုစုဝေးဝေး ဆိုးဟန်ကလေးတည်း၊

ထိုသို့ အာရုံတိုက်နှင့် အာရုံကြိုက်တို့ လိုက်ဖက်စွာ အပေးအယူ လုပ်နေကြပါသည်ကို ဘေးမှနေ ကြည့်ခွင့်ရ ကြားခွင့်ရသမားတို့ကား

သည်လူဟန် သာမန်လူ မလိုက်နိုင်ဘူးဟူ၍ ချီးကျူးကြလေကုန်၏။

သည်လူလုပ်ပုံကြီးက လူသာဆို တိရစ္ဆာန်ထက် မပိုဟူ၍လည်း ရှုတ်ချကြလေကုန်၏။

စင်စစ် ထိုအမူအကျင့်နှစ်ရပ်တို့သည် လူအမည်ခံ ရုပ်ကောင်ကြီးကြောင့်လော၊ သင်္ခါရဝိကာရလက္ခဏာတို့ကြောင့်လော၊ အစွဲကြောင့်လော ဆိုသည်ကို စိစစ်သင့်ကြပြီ။

ဤကား သင်္ခါရ ဝိကာရ လက္ခဏာ ပညတ်တို့၏အခန်း။

နတ်တလူစာစဉ်

http://www.dhammadownload.com

လောကကြီးအတွက် ဖန်ဆင်းရှင်ကြီးလေးဦး

(၁) လောကကြီးကို မည်သူက ဖန်ဆင်းထားသနည်း။

(၂) လောကကြီးကို မည်သည့်အရာဖြင့် ဆွဲငင်ထားသနည်း။

(၃) လောကကြီးရှိ အရာအားလုံး မည်သူ့အလိုသို့ လိုက်ပါနေရသနည်း။

အထက်ပါ မေးခွန်းသုံးချက်တို့သည် ဘုရားလက်ထက် တော်ကာလတုန်းကပင် အမေးလည်းရှိခဲ့ပြီးသား၊ အဖြေလည်းရှိခဲ့ပြီးသားပင်ဖြစ်ခဲ့၏။

အမေးကို နတ်သားနှစ်ပါးက မေး၏။

အဖြေကိုကား ဘုရားရှင်ကပင် ဖြေ၏။

လောကကြီးကို ကြိုက်စိတ်က ဖန်တီးပေး၏။

လောကကြီးကို ကြိုက်စိတ်ကပင် ဆွဲငင်ပေးထား၏။

လောကကြီးရှိ အရာအားလုံး ထိုကြိုက်စိတ်၏အလိုသို့သာ လိုက်ပါနေကြရ၏။

ဤကား ဘုရားရှင်၏ အဖြေတော်။

နတ်တလှုစာစဉ်

http://www.dhammadownload.com



ထိုတွင် နတ်သားတစ်ပါးကိုကား စိတ်ကို အထူးပြုဖြေ၍ အခြားနတ်သား တစ်ပါးကိုကား တဏှာကို အထူးပြုဖြေ၏။ နှစ်ခုပေါင်း ကြိုက်စိတ်ဟူ၍ ပင်တည်း။

ထိုစိတ်က လောကကြီးကို ဖန်ဆင်းတည်ထောင်ရာ၌-

ကံခေါ် ကြံ၊ ပြော၊ လုပ် သုံးမျိုးလည်း အားကိုးအားထား ပြုလိမ့်မည်။ ဥတု၏ အအေး၊ အပူများကိုလည်း အကူယူလိမ့်မည်။ အာဟာရတို့၏ ဩဇာသတ္တိများကိုလည်း ခိုင်းစားပေလိမ့်မည်။ သို့ကြောင့်ကြိုက်စိတ်က လောကကြီးကို ဖန်ဆင်းသည်ဆိုသော်လည်း စိတ်ချည်းကား မတတ်နိုင်။ ကံသခါရ၊ စိတ်သခါရ၊ ဥတုသခါရ၊ အာဟာရသခါရ ဖန်ဆင်းရှင်လေးဦး ဆုံမိမှသာ တတ်နိုင်ရာ၏။

(က)မိစ္ဆာဖန်ဆင်းရှင်တို့သည်. .

မိစ္ဆာမဂ္ဂင်ယာဉ်ကြီး စီးနင်းလျက်က. .

မိစ္ဆာလမ်းခရီး အပြီးထိ အဆုံးထိ ပန်းဝင်ကြမည်။

ဆိုပါစို့ သိပ္ပံပညာရှင်ကြီးတစ်ဦး၏အကြောင်း. .

ထိုသိပ္ပံပညာရှင်ကြီးသည်. .

(၁) ငါသာ ဤလိုစက်ဆန်းတစ်မျိုး တီထွင်ထုတ်လုပ် လိုက်နိုင်လျှင် လက်ရှိထက် လူကြိုက်များမည်၊ ကမ္ဘာ့ငွေကြေး ငါ့ငွေကြေး ဖြစ်နိုင်သည်။

ဤကား အစပထမ အမြင်ပေါက်မှု။

(၂) ထို့နောက် ထိုစက်ဆန်းမျိုး ကြိုးစားထုတ်လုပ်နိုင်ရန် အကြံထုတ်ခြင်း၊ စမ်းသပ်ခြင်းများဖြင့် ပုံဖော်ကြည့်မည်၊ ကြည့်သည့်အတိုင်းလည်း အောင်မြင် သွားခဲ့ပြီ။

http://www.dhammadownload.com



ဤကား. . အမြင်ပေါက်ရာနောက် နောက်ထောက်ဝင် ပေးလိုက်ခြင်း။

ထို့နောက်တွင်ကား. .

၁။ အပြောအဆိုမှန်သမျှ ထိုနှင့်တန်သော ပြောဟန်ဆိုဟန်များချည်း ထွက်ကျလာမည်။

၂။ အပြုအမူမှန်သမျှ ထိုနှင့်လိုက်ဖက်သော အမူအကျင့်များချည်းသာ ကျင့်လာမည်။

၃။ အကြံအစည်မှန်သမျှလည်း ဒါဆိုဒါ မဖြစ်မနေ ဘယ်သူသေသေစိတ် မျက်စိမှိတ်တွေးတောမည်။

ဤကား အမြင်ပေါက်ရာ အလုပ်အားထုတ်ပေးနေခြင်း။

၁။ ထိုတစ်ခုတည်းသို့သာ စိတ်စိုက်ထား အမှတ်အသား ထားပေးကာ စေခိုင်းမည်။

၂။ ထိုတစ်ခုတည်းသို့သာ အားတင်း၊ တိုးတက်ခြင်းရှိလာရန် ကြောင့်ကြ စိုက်ပေးထားမည်။

၃။ ထိုတစ်ခုတည်းသို့သာ စိတ်ဝင်စား တခြားတစ်ပါးသို့ စိတ်မကစားရန် ထိန်းပေးထားမည်။

ဤကား အားထုတ်ရာအပိုင်း သိုင်းဝိုင်းပေးထားခြင်း။

ဤရှစ်မျိုးတို့သည် စက်ဆန်းခရီး ပြီးစီးရန်၏ အခြေခံအစိတ်အပိုင်းများ ဖြစ်ကြလေသောကြောင့် မဂ္ဂင်။

ငါကောင်းစားဖို့ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားမှ ထွက်ပေါ်လာသော တီထွင်ထုတ်လုပ်မှုဖြစ်သောကြောင့် မိစ္ဆာ။

နှစ်ရပ်ပေါင်းက မိုက်လုံးကြီးသောအမြင်ဖြင့် လောကကြီးရှိ လူသားနှင့်

http://www.dhammadownload.com



သတ္တဝါအများတို့ ပျက်စီးရာ ပျက်စီးကြောင်း တီထွင်ထုတ်လုပ်နေသည့် အပါယ်ရွာသွား ဖန်ဆင်းရှင်သမားကြီး။

ယနေ့ ထိုလုပ်ရပ်များ. .

လူသတ် လက်နက်၊ လူသတ်ဗုံး စသည်များ တီထွင်ထုတ်လုပ်ကာ ဖြန့်ချိရောင်းချ စားနေရာ ကမ္ဘာသားများကို ကြည့်၍ တွေ့သိနိုင်လောက်၏။

ထို တီထွင်ထုတ်လုပ်ရာကို ကမ္ဘာလူမိုက်ကလေးများက လက်ခံလာသောအခါ. .

(က)ပထမစိတ်က အကြံအစည်ပြုလုပ်ပေးမည်။

(ခ) ဒုတိယ ကိုယ်နှုတ်တို့က မြေလှန်စနစ်ဖြင့် သယံဇာတများ ရှာဖွေစုဆောင်းပေးကြမည်။ သို့မဟုတ် တောရှင်းမြေဆွဖြင့် ဥတုထိန်းများက ဖယ်ရှားပစ်ကြမည်။

(ဂ) သို့ကြောင့် မြေကြောများပျက်၊ မြေဆီများလည်း မတက်၊ မိုးလေများကလည်း ကွက်ကျားဖြစ်လာကြတော့ကာ ဥတုအခြေမမှန်ဖြစ်လာနေချေပြီ။

(ဃ)ဥတုမမှန်ခြင်းကြောင့် သီးနှံများ အထွက်ယုတ်လျော့ခြင်း ဩဇာသတ္တိများ မပါလာတော့ခြင်းများဖြင့် ညံ့ဖျင်းလျက်ရှိချေပြီ။

ဤကား သင်္ခါရလေးမျိုးတို့က အကျိုးသက်တီထွင်ပေးနေခြင်း။

တစ်ဖန် ထိုညံ့ဖျင်းခြင်း၊ ဩဇာသတ္တိကင်းခြင်းသို့ ဆိုက်နေသော အစာအာဟာရများကိုသာ စားသုံးခွင့် ရကြပါသော လူသားတို့၏ ကိုယ်မှာ. .

အကြောများလည်း မာကျောလာပါမည်။

အကျိတ် အဖုများလည်း ကြီးထွားလာကြပါတော့မည်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထို အကြောစု အကျိတ် အဖုစုတို့ မာကျောကြီးထွား လာပြီဖြစ်သော လူသားများအဖို့ စိတ်ကို ထိန်းသိမ်းနိုင်စွမ်း မရှိကြတော့ပါ။

ကြိုက်စိတ်ဖြစ်လည်း ဖြစ်ချင်ရာ ဖြစ် ဇွတ်နှစ်ကြပါမည်။

မုန်းစိတ်ဖြစ်လည်း ဖြစ်ချင်ရာ ဖြစ် ဇွတ်နှစ်ကြပါမည်။

ထိုစိတ်ကြီးသမား၏ ကံအစီအရင်များသည် တိုး၍သာ ကြမ်း၊ တိုး၍သာ ရမ်းလာတော့မည်ဖြစ်ရာ. .

ဥတုလည်း သည့်ထက်သည် ဖောက်ပြန်ဖို့သာရှိပါသည်။

အာဟာရလည်း သည့်ထက်သည် ညံ့ဖျင်းဖို့သာရှိပါသည်။

စိတ်ကြီးသမားတစ်ဦး၏ အကြံကြီး အလုပ်ကြီးများကြောင့် အများတို့မှာ ဤကမ္ဘာကြီး ဥတုပျက် အာဟာရပျက်များဖြင့် ပျက်စီးနေရပါပြီ။

ထိုသို့သော စိတ်ကြီးမား တီထွင်ရှင်အများစု၏ အကြံကြီး အလုပ်ကြီး များကြောင့် ပျက်စီးရမည့် ကမ္ဘာ့ဥတုအာဟာရတို့ အခြေအနေကားမည်သို့ အထိ ရှိလေမည်ကို သိသူတို့တွေး ရေးရေးတော့ ပေါ်လောက်ပါသည်။

ဤသို့ဖြင့်. .

အာဟာရကြောင့် စိတ်ကြမ်းပေါ်၊ စိတ်ကြမ်းလျှော်၍ ကံဆန်းပြူ၊ ကံဆန်း ပြူ၍ ဥတုပျက်၊ ဥတုပျက်၍ အာဟာရ လည်း သည့်ထက်သည် ဆုတ်ယုတ် ပျက်စီးလာတော့မည် ချည်းဖြစ်ရာ ဆုတ်ဇာတ်ကို မည်သူဖန်ဆင်းနေ သနည်း။

နောက်ကွယ်နေ အသံပေးစိတ်ကလေးချည်းထဲကြောင့်လော။

ကံလေ စိတ်လေတို့၏ လှုပ်အနှိုး သွေးဆို အတိုးကြမ်း ခြင်းကြောင့်လော။

ကိုယ်လှုပ် နှုတ်ဖွင့် ကိုယ်အကျင့် ပျက်စီးခြင်းကြောင့်ချည်းလော။

နတ်တလူစာစဉ်

http://www.dhammadownload.com



ဥတု အာဟာရတို့၏ အားပေးမှု နေရာမကျမှုချည်းကြောင့်လော။

ထိုမေးခွန်းလေးခု ယနေ့ လူသားတို့၏လက် ဝကွက်၌ အပ်နှံလိုက်ပါသည်။

ဤကား မိစ္ဆာဉာဏ်ရှင်ကြီးများ၏ တီထွင်ခန်း။

(ခ) သမ္မာဖန်ဆင်းရှင်တို့သည်ကား. . .

သမ္မာမဂ္ဂင်ယာဉ်ကြီး စီးနင်းလျက်က

သမ္မာလမ်းဘက် ခရီးထွက်ကြတော့မည်။

ဆိုပါစို့. .

ရုပ်သေးမင်းသားကြီးတစ်ဦး၏အကြောင်း။

ထိုရုပ်သေးမင်းသားကြီးသည် အဆိုကလည်း ပိုင်၊ အသံကလည်း နိုင်၊ ဇာတ်ကွက်ဇာတ်လမ်းကိုင်ကလည်း ပိုင်နိုင်လွန်းရကား အများပွဲတောင်းခြင်းကို ခံယူရ၏။ ပွဲရာသီ အချိန်ပြည့် လိုက်လံသီဆို အသံလွှင့်ပေးနေရ၏။ ပွဲချိပွဲက၏ အဖိုးအခများလည်း ထိုက်တန်စွာရ၏။ သို့သော်. .

ထိုသို့သော်ကား. .

ယခု အသက်ခြောက်ဆယ်ပြည့် ရောက်ရှိလာသည့်တိုင် ဘာမှ ကျောထောက်နောက်ခံ စုမိဆောင်းမိ ရှိမလာခြင်းပင်။

(၁) ငါသည်မှုသည်မှု အခကြေးငွေများရလျက်က ငါ့ အတွက် ဘာမှ အထုပ်အထည်မရှိခြင်းသည် ငါ့အလုပ်ကား အရည်ရ အဖတ်တင် စေသော အလုပ် မဟုတ်ခြင်း၏ လက္ခဏာပေတည်း။

ငါ သည်လိုသည်လို ဆိုပြ ငိုပြနေခြင်းကလည်း ငါ့စိတ်ကိုလည်း စွဲစေ သူတစ်ပါးတို့စိတ်ကိုလည်း ခွဲဝေပေးနေသည့် အကုသိုလ်ပွား ချောက်ချခြင်း

http://www.dhammadownload.com



များ၏ အခြေခံတရားများပေတည်း။

ငါသည် ယခု ကောင်းရာဘက် စုတော့မှ တော်ချေမည်။

ငါသည် ယခု အရည်ရ အဖတ်တင် တရားဘက်ဝင်မှ တော်ချေမည်။

ဤကား ရုပ်သေးမင်းသားကြီး၏ အစပထမ အမြင်ပေါက်မှု။

(၂) ထိုရုပ်သေးသမားကြီး. .

သူဆိုဟန် ပြောဟန်အတိုင်း အထူးပြု အမူအရာ လုပ်ပြပေးရသော အရုပ်ကလေးကိုလည်း လှမ်းကြည့်လိုက်၏။ မိမိရုပ်မိမိလည်း မှန်၏။ အကူ ဖြင့်ပင် ပြန်လည်ကြည့်မိသေး၏။

အင်း. . သူလည်းပဲ အသွေးမှိန် အသားညှိုး ကြိုးများပင်ထုံးနေရ ပါပကော။

အင်း. . ငါလည်းပဲ အရိုးပေါ် အရေဖုံး လူလုံးမလှ အကြောများပင် ထနေပါပကောလား။

ထို့နောက် ရုပ်သေးစင်မှ ဖဲ့ထွက်ခဲ့တော့ကာ ကမ္မဋ္ဌာန်းဌာနသို့ သွား တော့၏။

ဤကား အမြင်နောက် အသိထောက်ကာ တစ်ဖက် ထိုးဖောက် လိုက်ခြင်း။ ထို့နောက်တွင်ကား. .

၁။ နှုတ်ကျူးမကောင်းမှု ဝစီဒုစရိုက်လေးခုတို့ကို သရဏဂုံ စိတ်ဖြင့် စောင့်စည်းခြင်း၊

၂။ ကိုယ်ပြု မကောင်းမှု ကာယဒုစရိုက်သုံးခုတို့ကို သရဏဂုံ စိတ်ဖြင့် စောင့်စည်းခြင်း၊

၃။ စိတ်တွေး မကောင်းမှု မနောဒုစရိုက်သုံးခုတို့ကို သရဏဂုံ စိတ်ဖြင့်

http://www.dhammadownload.com



စောင့်စည်းခြင်း၊

ဤကား အမြင်မှန်ရာအလုပ် အားထုတ်နိုင်ရန် လေ့ကျင့်ခန်းလုပ်ခြင်း။ ထိုသို့ အားထုတ်နေရာ၌. .

၁။ အာရုံတစ်ခုတည်းသို့သာ စိတ်အနေများရန် သတိအားဖြင့် ဖိအားပေး ထားသည်၊

၂။ အာရုံနှင့်သတိ တွဲမိချိတ်မိနေစေရန် ကြောင့်ကြစိုက်အားဖြင့် ဖိအား ပေးထားသည်။

၃။ အာရုံနှင့်သတိ တွဲခနဲ စီးခနဲ ချိတ်မိသွားကြပြီ။

ဤကား အားထုတ်ရာအပိုင်း သိုင်းဝိုင်းပေးထားခြင်း။

အထက်ပါ ရှစ်မျိုး(ပညာမဂ္ဂင် ၂၊ သီလ ၃၊ သမာဓိ ၃၊ ပေါင်းရှစ် မျိုး)တို့သည် အစွဲဖြုတ်ခရီး ပြီးစီးရန်၏ အခြေခံလည်းဖြစ်၊ အစိတ်အပိုင်း များလည်း ဖြစ်ကြလေသောကြောင့် မဂ္ဂင်။

တစ်ဖန် မိမိလည်း ချမ်းသာ၊ အများကိုလည်း ချမ်းသာစေရာသို့သာ သိစေကျင့်စေ တည်စေတတ်သောကြောင့် သမ္မာ။

နှစ်မျိုးပေါင်းသော် မိမိလည်း ဝဋ်မှအလွတ် သူတစ်ပါး တို့လည်း ဝဋ်ဖြင့် မစွပ်ရာ၏ အခြေခံအစိတ်အပိုင်းများသာ ဖြစ်ကြလေသောကြောင့် သမ္မာ မဂ္ဂင်များဟူ၍သာ ဆိုရပါသည်။ သို့မဟုတ် မိမိသည်လည်းကောင်း၊ အများ သည်လည်းကောင်း အပါယဝဋ်၊ ကာမဝဋ်၊ ဘဝဝဋ်တို့မှ ကျွတ်စေ လွတ်စေ သည့် မဂ်ခရီးလမ်း တန်းဝင်ရန်များပင်တည်း။

ယနေ့ ထိုဖြစ်စဉ်များ

မိမိကိုယ်မိမိ အပြစ်ကို အမြဲရှုလျက်က မိမိ၏ဖြစ်မှု ပျက်မှုသို့ချည်းသာ

http://www.dhammadownload.com



ကျင့်တည်သိ သုံးချက်တို့ဖြင့် စစ်ချက်ယူကာ

ဒါ လမ်းမှား ငါမသွားသင့်ဟူ၍ ဆုံးဖြတ်ပြီးနောက် ထိုတံခါးပေါက်ကို တောက်လျှောက်အပြီး ဖိဖိစီးစီးပိတ်ကာလျက် အဆက်ပြတ် ဖြတ်ချလိုက်ခြင်း။

ဒါလမ်းမှန် အာရုံမှန်မှန် ဝီရိယသန်သန်ဖြင့် သွားရန်ဖြစ်သည်ဟူ၍ ဆုံးဖြတ်ပြီးနောက် ထိုတံခါးပေါက်သို့ တောက်လျှောက် မညည်း ဖိဖိစီးစီးဖြင့် ဖွင့်စေလျက်က လမ်းမှန်ဘက်ထွက်ခွာနေလိုက်ခြင်း။

ဤနှယ် ကြိုးစားနေသော သူတော်ကောင်းများကိုကြည့် သိနိုင်လောက်၏။

ထိုသူတော်ကောင်း၏ အမူအကျင့်ကို အများတို့ (ကမ္ဘာ့လူလိမ္မာလေးတို့)လက်သင့်ခံလေသောအခါ. .

အချို့ကား ကံကုသိုလ်ဖြင့် ဆွယ်၍ အပါယဝင်မှ အလွတ်ထွက်ကြသည်။

အချို့ကား ဈာန်ကုသိုလ်ဖြင့်ဆွယ်၍ ကာမဝင်မှ အလွတ်ထွက်ကြသည်။

အချို့ကား ဉာဏ်ကုသိုလ်ဖြင့် အရတွက် ဘဝဝင်မှ အလွတ်ထွက်ကြသည်။

ထို ဦးဆောင်ရှေ့သွား သမ္မာပဋိပတ်အကျင့်မြတ်သမားလည်း. .

ပထမ မိမိခန္ဓာရှုကွက်ရှိ အဖြစ်အပျက်တို့ကို ဝီရိယ၊ သတိ၊ ဉာဏ် သမာဓိကံ သုံးချက်တို့ဖြင့် စစ်ချက်ယူနေပါသည်။

ဒုတိယ ငါမရှိ မမြဲ မကောင်း၊ မပိုင်ဟူသော ဆုံးဖြတ်သိကို အတည်ပြုထောက်ခံ ပညာကံနှစ်ချက်ဖြင့် စွဲချက်တင်ပေးလိုက်ပါသည်။

နောက်ဆုံး ကျင့်-တည့်-သိ မဂ္ဂင် ရှစ်လုံး အားကုန်သုံးလျက်က ငါစွဲစိတ်

http://www.dhammadownload.com



ဖြင့် လည်ပတ်လျက်ရှိသော ဒိဋ္ဌိသွေးလေ နှစ်ရပ် အဆက်ဖြတ်ပေး လိုက်ပါသည်။

သို့ကြောင့်. .

ထိုပုဂ္ဂိုလ်ကို အကြောင်းပြု၍ မြေပြန့် တောပြုန်းသယံ ဇာတများ မတုံးတော့ပါ။

မြေခံ ရေခံကောင်းသောကြောင့် ဥတုသုံးကြောင်းလည်း အချိုးမပြောင်း' တော့ပါ။

ရာသီမှန် ဥတုမှန် အခံကြားမှ ပေါက်ပွားလာရသော သီးနှံများလည်း ဩဇာသတ္တိ မဆုတ်ယုတ်ကြတော့ပါ။ သို့မဟုတ်

ထိုသူတော်ကောင်းရှိ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ သုံးခုတို့၏ အအေးဓာတ်ဖြည့်အားကြောင့် အများချမ်းသာစေခြင်း၊

ဤဖြစ်ရပ်များသည် သမ္ပတ္တိစက် လည်ပတ်ရာခေတ် များ၌ ထင်ရှား၏။ အကောင်း သင်္ခါရလေးမျိုးတို့ဖြင့် သမ္ပတ္တိစက်လည်စေခြင်း၊ သင်္ခါရမှ အသင်္ခါရသို့ ထွက်ရပ်ခြင်းများသည် ဝိပ္ပတ္တိခေတ်၌ မထင်မရှား ဝိုးတဝါး မျှသာ။

ဤဝိပ္ပတ္တိစက် လည်ပတ်ချိန်ခေတ်၌ကား အဆိုးသင်္ခါရ လေးမျိုးတို့ဖြင့်သာ ဘဝစက်ကို လည်ပတ်စေခြင်း၊ သင်္ခါရဆိုးသို့ တိုးဝင်ခြင်းများ ထင်ရှား၏။ စိတ်တန်ခိုးစိတ်သတ္တိကို အသုံးချ၍ လည်ပတ်ရသော ဝိဇ္ဇာမယဉာဏ်ရှင်တို့ အထင်အရှားပြဝံ့သောခေတ် မဟုတ်ချေ။

ဤ၌ သမ္ပတ္တိစက်သည်. .

၁။ မိမိနှင့် သင့်တင့်ရာအရပ်လည်း ဖြစ်စေရမည်။

http://www.dhammadownload.com



၂။ ရှေးက ဒါနထုပ် မြှုပ်နှံထားခဲ့ဖူးခြင်းလည်းရှိရမည်။
၃။ မိမိ၏ စင်ကြယ်မြင့်မြတ်သော စိတ်နေကိုယ်ထားကိုလည်း လေးစားရမည်။
၄။ မိမိအား ကောင်းရာကိုသာ ညွှန်ကြားပေးမည့် ဆရာသမားကောင်းလည်း ထားရှိရမည်။

ဤလေးချက်ဖြင့် ပြည့်စုံရာ၌ မိမိ၏ ရှေးဘုန်း ရှေးကံခေါ် ကံရိက္ခာထုပ်(ဈာပန်ရိက္ခာထုပ်၊ ဉာဏ်ရိက္ခာထုပ်)များ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိခေါ် ဘဝနှင့်စည်းစိမ်ချမ်းသာများ ကိုယ်ကျင့်မပျက်စေဘဲ တိုးတက်ကြီးပွားခြင်းများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ အရိယာသခင်ကြီးများ၏ ဖြစ်ရပ်ကိုကြည့်ပါ။

ဝိပ္ပတ္တိစက်သည်ကား ထိုသို့မဟုတ်၊ ထိုနှင့် ပြောင်းပြန်သာ။ သမ္ပတ္တိစက်၏ အဆိုက်ကို မမျှော်တော့ဘဲ တစ်ဖက် တိုက်ခိုက်၍ သိမ်းပိုက်ခြင်းပင်။ သို့ကြောင့်. .

၁။ ပြည်နာမှ ငွေရှာကောင်းသည် ဆောင်ပုဒ်ဖြင့် ကာလပျက်ဝယ် အရောင်းအဝယ်လုပ်မည်။
၂။ ယနေ့ ငွေရ ယနေ့ သူဌေးဘဝရောက်မည် ဆောင်ပုဒ်ဖြင့် ငွေရသော အလုပ် တွန်းလုပ်မည်။
၃။ အူမတောင့်မှ သီလစောင့်ရမည်ဆောင်ပုဒ်ဖြင့် ကိုယ်ကျင့်ဖျက်၍ အသက်မွေးမည်။
၄။ လိမ်နိုင်လျှင် သမာဓိ၊ ညာနိုင်လျှင် ပညာရှိ ဆောင်ပုဒ်ဖြင့် မည်သူ့ကိုမျှ အဖက်မလုပ်။

ဤလေးချက်နှင့် ပြည့်စုံလျှင်ပင် နေ့ချင်းညချင်း အနူလက်ဆုတ်မှာ

http://www.dhammadownload.com



လက်တက်များ အငုတ်ထွက်လာသည်ပမာ စီးပွားဥစ္စာဖြစ်လာသည်။

ထိုသူအဖို့ နေရာသန့် ရွှေဖို့မလို၊ ရွှေဘုန်း ရွှေကံ မျှော်ရန်မရှိ ဂုဏ်သိက္ခာဖြည့်ရန်လည်း မရှိ ပစ္စည်းဥစ္စာသည်ပင် ဂုဏ်ဖြစ်၏။ မကောင်းဆိုတားမည့် သူတော်ကောင်းအနား လားလားမျှ မခိုဝင်ပြီ။ ဝိသမလောဘဖြင့် စီးပွားဖြစ်နေသူတို့က ထိုကိစ္စသက်သေခံနေကြပါပြီ။

ထိုဝိပ္ပတ္တိစက် သွက်သွက်လည်ပေးနေသော ခေတ်ပျက် သူဌေးတို့၌. . .

ကိုယ်ကျင့်ပျက်စီးခြင်း၊ သီလဝိပ္ပတ္တိ၊ အယူပျက်စီးခြင်း ဒိဋ္ဌိဝိပ္ပတ္တိ၊

လူ့အခွင့်အရေး၏ လားရန်ဂတိ ပျက်စီးခြင်း- ဂတိ ဝိပ္ပတ္တိ၊

ယောကျ်ားကောင်းပီသခြင်း မိန်းမကောင်းပီသခြင်းခေါ် ဥပဓိရုပ်၏ ဖောက်ပြန်မှု- ဥပဓိဝိပ္ပတ္တိသို့သာ ထွန်းကားကြတော့မည်။

ထိုဝိပ္ပတ္တိစက် သွက်သွက်လည်ပေးနေသော သူတို့၌

တောင်ကုန်းလည်းမြင့်၊ သစ်ရိပ်တောရိပ်များကလည်း ဆင့်ထားသဖြင့် မြေအေး ရေစိမ့်ခိုအောင်းရေများ လှိမ့်လင့် လာသောအခါမှသာ စမ်းရေဟူသည် ထွက်ပြူလာရသည်ပမာ စိတ်ထားလည်းမြင့်၊ ကိုယ်ကျင့်လည်းကောင်း၊ သူတော်ကောင်းကိုလည်း ပေါင်းဖော်မိမှ ခံစားခွင့်ရသော ရွှေဘုန်း ရွှေကံများ မပွင့်သာ။

အထက်ပါတို့သည်. .

(က) အကောင်းသင်္ခါရနှင့် အဆိုးသင်္ခါရတို့၏ နှိုင်းယှဉ်ချက် ဖြစ်ပါသည်။

(ခ) သမ္မာမဂ္ဂင်ရှစ်ပါးနှင့် မိစ္ဆာမဂ္ဂင်ရှစ်ပါးတို့၏ ရပ်တည်ချက်လည်း ဖြစ်ပါသည်။

(ဂ) လမ်းကောင်းလမ်းဆိုး နှစ်မျိုးတို့၏ အကျိုးသက် ရောက်ပုံလည်း

http://www.dhammadownload.com



ဖြစ်ပါသည်။

သင်သည်. .

လမ်းကောင်းပေါ် သွားလိုသလော၊ လမ်းဆိုးပေါ် လျှောက်လိုသလောဆိုသည်ကို သင့်ကိုယ်သင် အပြောမဟုတ် အလုပ်ဖြင့် မေးကြည့်ဖို့လိုမည်ထင်ပါသည်။

သတ္တဝါတိုင်း ကောင်းစားချင်ကြ၏။ ချမ်းသာချင်ကြ၏။ သို့သော်လမ်းကောင်းထက် တက်ရန်ကိုကား ဝန်လေးနေတတ်ကြပါသည်။

လမ်းကောင်းကား အဆန်လမ်း၊ အတက်လမ်း၊ သို့ကြောင့် ပင်ပန်းမည်၊ သက်သာမှုသို့သာ အမြဲရှေးရှုနေသောစိတ်၊ ထိုလမ်းရွေးလိမ့်မည်ကား မထင်။

လမ်းဆိုးကား အစုန်လမ်း၊ အဆင်းလမ်း။ သို့ကြောင့် မပင်ပန်း။ သက်သာမှုသို့သာ အမြဲအလေးပြုနေသော ဉာဉ်၊ ထိုလမ်းကိုသာ ဝင်လိမ့်မည်။ အကယ်တိတိ သင်သည် ဝက်သားစားပြီး နက်ဖြန် မစင်ပုပ်များ မသွားလိုလျှင်လက်ငင်းကောင်း၍ နောင်စောင်းမည့် စိတ်၏အကြိုက် အလိုမလိုက်သင့်ပြီ။

ဤကား သခါရအကောင်းအဆိုး နှစ်မျိုးတို့၏ လမ်းရိုး။

http://www.dhammadownload.com

http://www.dhammadownload.com

အကောင်းလိုချင်သူတို့အတွက် အကောင်းဆုံးနိဗ္ဗာန်က ကြိုဆိုနေပါသည်

နိဗ္ဗာနံ သန္တိလက္ခဏံ အစ္စုတိရသံ

အနိမိတ္တပစ္စုပဋ္ဌာနံ

၁။ နိဗ္ဗာန်ဟူသည် ငြိမ်းအေးခြင်းလက္ခဏာ အထင်အရှား ပြနေပါသည်။

၂။ သေဖို့ရန်ကိစ္စ သူ့မှာ ဆောင်ရွက်စရာမရှိတော့။

၃။ လူအသွင်၊ နတ်အသွင်၊ ယောကျ်ားအသွင်၊ မိန်းမအသွင် စသည် နိမိတ်ပုံ မထင်တော့။

ဤသို့ လောကဥပမာဖြင့် အနီးစပ်ဆုံးပြရပါသော်. .

အင်္ဂရိတ်ဆရာသည် သံကိုလျှင်ရင်း၍ သံမှုစာတ်ကြွင်း ဖြစ်ရန် ဖိုထိုး၏။ ဖားဖို၏ဝမ်းဗိုက် ပိန်စေဖောင်းစေခြင်း၊ ထိုသို့ ပိန်မှု ဖောင်းမှုဖြစ်ပေါ် လာစေရန် ကြိုးကိုဆွဲငင်ပေးခြင်း၊ ထိုသို့ ကြိုးကိုဆွဲရာမှ ဝမ်းဗိုက်ကြီး ပိန်မှု ဖောင်းမှုဖြစ်ပေါ်လာကာ ဖားဖိုထိပ်ဝရှိ မီးလျှံများ တောက်ထခြင်း၊ ငြိမ်သက်ခြင်းဖြင့် မီးလျှံတို့အကြား ထည့်၍ထားသော လုံကျင်းထဲမှ သံတို့သည်. .

နတ်တလူစာစဉ်

http://www.dhammadownload.com



အခဲမှ ပျက် အရည်ဘက်သို့လည်း သက်လာခဲ့ရပါသည်။

သံနှင့်အညစ် ရောနှောသောအဖြစ်မှ သံစစ်စစ်ချည်း ဖြစ်လာရပါသည်။

သံနှင့်ဓာတ်နှစ်ထွေ စပ်နေရာမှလည်း သံထည်ပြတ်၍ ဓာတ်ချည်းရပ်နေရပါသည်။

ထိုအညစ်မကျန် သံလည်းမဆက် ဓာတ်သက်သက်ချည်း ရှိနေသောဓာတ်လုံးကို သံလုံးဟူ၍ ခေါ်ရသော်လည်း စင်စစ် သံကားမရှိတော့ပါပြီ။

အဘယ့်ကြောင့် သံလုံးခေါ်ရပါသနည်း။

သံကို ရင်း၍ လုံးကျင်းရာမှရသောကြောင့်လည်းကောင်း၊ သံ၏အမူအရာအလေးချိန်ပမာဏ ပြနေသေးသောကြောင့် လည်းကောင်း သံလုံးဟူ၍ပင်ခေါ်ရပါသည်။

သည့်ပမာလျှင်. .

ဒိဋ္ဌိဂါဟ၊ တဏှာဂါဟ၊ မာနဂါဟခေါ် အယူ၏ဖမ်းစားခြင်း၊ အလိုအာသာ၏ဖမ်းစားခြင်း၊ ထောင်လွှားတတ်ကြွမှု၏ ဖမ်းစားခြင်း ခံထားရသောဉာဏ်ရုပ်ကိုယ် နာမ်ကိုယ်ဝယ်. . .

ကိလေသာ အညစ်အကြေး သံယောဇဉ်အမြှေးများလည်း ကပ်ငြိနေပါသည်။

ပျက်စီးခြင်းနှင့် ပျက်စီးပုံဆောင်ထားသော ဓာတ်နှစ်မျိုး စပ်လည်းရှိနေပါသည်။

ညွတ်သိခြင်းနှင့် ညွတ်သိပုံဆောင်ထားသော ဓာတ်နှစ်မျိုးစပ်လည်းဖြစ်နေပါသည်။

၎င်းတို့ကို အာတာပီခေါ် ဝီရိယ အပူပေးခြင်း၊ သတိ ခေါ် ရှုသိမှု

http://www.dhammadownload.com

မှတ်ရာပေးခြင်း၊ သမ္ပဇနခေါ် ခွဲထားသိလိုက်လံခြင်း သုံးမျိုးတို့ဖြင့် ထိုးဖောက်လိုက်သောအခါ လေရှူ လေရှိုက်ခြင်း၊ ဝမ်းဗိုက်ပိန်ဖောင်းခြင်း၊ နှာဝဝယ်ဖြစ်ပျက် ပေါ်လွင်စေခြင်းရှိလေသောအခါ. .

အဟောင်းတွေး မတွေးသာခြင်းဖြင့် ကိလေသာ့လက်ငုတ် မလှုပ်တော့ပါ။

အသစ်သို့ပြေး လိုက်စားမပေးခြင်းဖြင့် ကိလေသာသစ် အညစ်မဖြစ်တော့ပါ။

ထိုအခါ စိတ်လည်း တည်စိတ်လည်း ကြည်၊ အမှန်လည်းကြည့် အမှန်လည်းသိဖြင့် ပညတ်အလိုလိုမြုပ်၍ ပရမတ်လည်း အလိုလို ဖော်ထုတ်ပြီးသား ဖြစ်နေပါတော့သည်။

ငါဆိုသည်မှာ မြုပ်၍ သူဆိုသည်မှာလည်း နားရွက် မလှုပ်တော့ပါ။

ကောင်း၏လည်း မဝင်၍ ဆိုးသည်လည်း မထင်တော့ပါ။

သို့ကြောင့် အရှိလျှင် အရှိအတိုင်းတိုင်းသော နာမ်ရုပ် နှစ်ပါးမျှသာ ပေါ်လွင်နေတော့ခြင်း၊

ထိုနာမ်ရုပ်နှစ်ပါးတို့ အပြန်အလှန် အပေးအယူလုပ်၍ လောကကြီးကို ခြေကုပ်ယူနေကြခြင်း၊

ထိုနာမ်ရုပ်နှစ်ပါးတို့ ပျောက်ခြင်း ပျက်ခြင်း၊ သဘောမျှသက်သက် ဖြစ်ခြင်းများ ပေါ်လွင်လာခြင်း၊

ထိုနာမ်ရုပ်နှစ်ပါးတို့ ထိုလက္ခဏာသုံးပါးနှင့်အတူ တဖွားဖွား ဖြစ်ပျက်ကာ လမ်းသလားနေကြခြင်း၊

ထိုနာမ်ရုပ်နှစ်ပါးတို့ အဖြစ်သို့မဆန် အပျက်သို့သာ ဆန်ဆန်သွား

http://www.dhammadownload.com



ပြနေကြခြင်း၊

ထိုမှတစ်ဆင့် အပျက်ဘေးဆိုးကြီး၌ ကြောက်ရွံ့လာခြင်း၊ အပျက်ဘ၀ကို ငြီးငွေ့ရွံ့မုန်းလာခြင်း၊ အပျက်ဘ၀ကြီးထဲမှ ခွဲထွက်လိုခြင်းများ ထင်ရှား လာပါမည်။

ထိုအတွင်း အပျက်ကိုနင်း၍ တင်းတင်းကြီး ရှုပေးလိုက်သောအခါ အပျက်သည် ငုပ်၏။ ဖြစ်ပျက်တို့သာ တစ်စ တစ်စ လှုပ်ရှားပြလာပါတော့ မည်။

၎င်းကိုလည်း သဲကြီးမဲကြီး ဖွဲသည်းသည်းဖြင့် ရှုပေးလိုက်သောအခါ ပျောက်ခြင်း ပျက်ခြင်း သဘောမျှသက်ခြင်းများ အပေါ်လွင်ဆုံး ဖြစ်လာတတ် ပါသည်။

ထိုစဉ်. .

၁။ အချို့ကား ရုပ်ဓာတ် နာမ်ဓာတ်တို့၏ ပျောက်သဘာ၀ကို လက်ကိုင်ပြု လျက်က၊

၂။ အချို့ကား ရုပ်ဓာတ်၊ နာမ်ဓာတ်တို့၏ ပျက်သဘာ၀ကို လက်ကိုင်ပြု လျက်က၊

၃။ အချို့ကား ရုပ်ဓာတ် နာမ်ဓာတ်တို့၏ သဘောသက်သက်မျှကို လက်ကိုင် ပြုလျက်က၊

သင်္ခါရလေးခုတို့ကို ဥပေက္ခာပြုပစ်လိုက်ကြပါတော့သည်။

၁။ ကံပြုပြင်မှုကြောင့်ဖြစ်သော ကောင်းကျိုးဆိုးပြစ်များအပေါ် ကျော်လွန် နေပါသည်။

၂။ စိတ်ပြုပြင်မှုကြောင့်ဖြစ်သော ၀မ်းနည်း၀မ်းသာမှုများအပေါ် ကျော်

http://www.dhammadownload.com



တက်သွားပါပြီ။

၃။ ဥတု၏ပြုပြင်မှုကြောင့်ဖြစ်သော အပူလွန်မှု၊ အအေးလွန်မှုများအပေါ် ကျော်တက်သွားပါပြီ။

၄။ အာဟာရ၏ ပြုပြင်မှုကြောင့်ဖြစ်သော ဩဇာပြည့်မှု မပြည့်မှုများအပေါ် ကျော်တက်သွားပါပြီ။

ဤတွင် ရုပ်ဖြစ်နာမ်ဖြစ်တို့နှင့် ကိလေသာအညစ် စာရင်းစစ်လျက် ရှိနေကြပါပြီ။ ရုပ်နာမ်နှစ်ရပ်တို့နှင့် ဓာတ်သဘောစောကြောလျက်က ရှိနေကြပါပြီ။

စာရင်းထိုး၍ အစွဲအစွယ်ကျိုး ရုပ်ခိုးနာမ်ခိုးတို့ ရှေ့တိုး ထွက်လာမည်။

စာရင်းပြတ်၍ အစွဲရပ် ရုပ်နာမ်နှစ်ရပ် ဓာတ်မျှဖြင့် အပြတ်သို့သွား ကပ်မည်။

ဤတွင် နိဗ္ဗာန်၏ နိရောဓဟူသော ဓာတ်သဘာဝသည် အထူးပေါ် လွင်ပြမည်။

နိဗ္ဗာန်ဟူသည်. .

ဖြစ်စဉ်တစ်ခုမှ တစ်ခုသို့ ချုပ်စပ်ပေးရာ အစွဲလေး စဲသွားသည်ကိုပင် ဆို၏။ ထိုအစွဲသည် ငါစွဲ၊ ကြိုက်စွဲ၊ မသိစွဲ တို့တည်း။

နိဗ္ဗာန်သို့ မျက်မှောက်ပြုလိုက်ခြင်းဟူသည်. .

ထိုအစွဲသုံးခု တစ်ခုခု ပြတ်စဲသွားသဖြင့် ရုပ်နာမ်တို့ပါ ချုပ်ပြတ်သွား ကြကာ အငြိမ်းဓာတ် အအေးဓာတ် သဘာဝလေးမျှသာ ကျန်ပါတော့ သည်ကို ထိုးထွင်းသိဖြင့် မျက်မြင် ကိုယ်တွေ့ ကိုယ်တိုင်တွေ့ လိုက်ရခြင်းပင် တည်း။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုသို့ နိဗ္ဗာန်သို့ မျက်မှောက်(မျက်စိအောက်) တွေ့သိပြီး လေသူသည် နောက်ထပ်ဖြစ်ပေါ်လာသော ရုပ်သစ်နာမ်သစ်များ၏ဖြစ်စဉ်ဝယ် ငါကား ပြောကြား ငါအမှုအရာများ မည်မျှပြပြ အမှုအရာ ကိရိယာမျှ ရှိပါတော့မည်။ ငါစွဲမှုဖြစ် ငါညစ်ကိလေသာများ မရှိကြတော့ပါ။ ငါစွဲလှည့်ပတ်သော ရုပ်နာမ်နှစ်ရပ်လည်း မရှိကြတော့ပါ။ သံကင်းဓာတ်လုံးကိုလည်း သံလုံးဟူ၍ပင် ခေါ်ရပုံမျိုးသာ။

ရှေ့တစ်လှမ်းဆက် ခရီးထွက်လေသောအခါ. .

ကြိုက်စွဲ မကြိုက်စွဲများဖြင့် လည်ပတ်နေကြသော သွေးလေများ ချုပ်ပြတ်သွားပါမည်။

တစ်ဖန် ရှေ့တစ်လှမ်းဆက် ခရီးထွက်လေသောအခါ၌ လည်း မသိစွဲနှင့်တကွ အားလုံးသောကိလေသာအညစ်များ သန့်စင်ပြီးသားလည်းဖြစ်၊ မသိစွဲများဖြင့် လည်ပတ်နေကြသော သွေးလေများလည်း ပြတ်တောက်သွားပြီလည်းဖြစ်သော ရုပ်နာမ်နှစ်ရပ်တို့ ချုပ်ပြတ်မှု မျက်မှောက်ပြုရပါတော့မည်။

ထိုသို့ မျက်မှောက်ပြုလေရာတိုင်း၌ပင်. .

ကိလေသာတို့ ရပ်ခြင်း ရုပ်နာမ်နှစ်ရပ်တို့ အချုပ်အစပ် ပြတ်ခြင်းများနှင့်အတူ ဖြစ်ပျက်မစပ် အငြိမ်းဓာတ် အအေးဓာတ်ကြီးများသာ ကျပ်ရှိကြပါတော့မည်။ ဤတွင် ကိလေသာနိဗ္ဗာန်ခေါ်သော ကိလေသာကင်း အမှုအရာကြွင်းမျှသာ ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ်သက်သက်မျှ နိဗ္ဗာန်ဘုံ ခိုဝင်နေရခြင်းတည်း။

တစ်ဖန် ထိုရုပ်စဉ်နာမ်စဉ်များလည်း. .

http://www.dhammadownload.com



အတိတ်က စုဆောင်းပြီး ကံအရှိန်၊ စိတ်အရှိန်သတ္တိများနှင့် ပစ္စုပ္ပန်ရှိ ဥတုရှိန် အာဟာရရှိန် ပံ့ပိုးမှုသတ္တိအားတို့ အားချင်းကွဲ၊ အတွဲချင်း မမိ၊ ခဏတ်လေးပါးတို့ ချောက်ချား သိသဖြင့် ကံအရှိန်ပျက် တွန်းအားမဆက်တော့ လေသော အခါ ခန္ဓာနိဗ္ဗာန်ခေါ် ရုပ်နာမ်ပင်ကင်း အအေးဓာတ် အငြိမ်းဓာတ် တည်ရှိခြင်းမျှသော အေးမြဓာတ်ပုံ နိဗ္ဗာန်ဘုံ ခိုလှုံရခြင်းပင်တည်း။ သို့ကြောင့်. .

နိဗ္ဗာန်ဟူသည် ဘာမျှမရှိဆိုသောစကား။

ဘာမျှ မသိဘဲ သင် မပြောကြားမိပါလေနှင့်၊ မသိဘဲ ပြောသောစကားသည် မသိ၍သာ ပြောသောစကားမျှသာတည်း။

ဘုရားသက်တော်ထင်ရှားရှိစဉ်တုန်းကလည်း

ထိုစကား မသိသူတို့အကြား တော်တော်လေး ရေပန်းစားခဲ့ဟန် တူပါ၏။

သို့ကြောင့် နိဗ္ဗာန်ဟူသည် ဘာမျှမရှိဆိုသော ထိုစကားကို. .

ရဟန်းတို့. .

နိဗ္ဗာန်သည် မရှိဘဲ မရောက်နိုင်ရာ၊

နိဗ္ဗာန်သည် တကယ်ရှိသဖြင့်သာ တကယ်ရောက်နေကြခြင်းပင် မဟုတ်လော။ ဤသို့လျှင် ဘုရားရှင်ကိုယ်တော်တိုင် ဖြေရှင်းတော်မူခဲ့ရပါချေသည်။

ထိုနိဗ္ဗာန်သည် ကိလေသာအညစ် လုံးဝဖြစ်ခွင့်မရပါ။ သံမှုဖြစ်သော ဓာတ်လုံးများ သံချေးမစားတော့သည်ပမာ ဆိုရပါမည်။

ထိုနိဗ္ဗာန်သည် ရုပ်ဘာဝ နာမ်ဘာဝလည်း လုံးဝဖြစ်ခွင့် မရပါ။ သံမှုဖြစ်သောဓာတ်လုံးကို တစ်ဖန် အရည်ကျို၍ လူရုပ် နာမ်ရုပ် သွန်းလုပ်၍မရတော့သည်ပမာ ဆိုရပါမည်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုနိဗ္ဗာန်သည် အအေးဓာတ် အငြိမ်းဓာတ်၏ သဘောမျှရှိတော့ရာ. .

၁။ ဖောက်ပြားစရာမရှိ သို့ကြောင့် ဖောက်ပြားမှုမှ ထိသောဒုက္ခလည်းမရှိ။

၂။ ခံစားစရာလည်းမရှိ သို့ကြောင့် ခံစားပေးနေရသော ဒုက္ခမှလည်း အေး၏။

၃။ မှတ်သားစရာလည်းကင်း၏။ သို့ကြောင့် မှတ်သားပေးနေရခြင်း ဒုက္ခမှလည်းကင်း၏။

၄။ အပူတိုက်ပေးနေစရာလည်း မလို သို့ကြောင့် ကြောင့်ကြမှုဘေးမှလည်း ကင်းဝေး၏။

၅။ အာရုံခံဆုံးဖြတ်ပေးရန်မှလည်း အလွတ်၊ သို့ကြောင့် အသိပေးရမှု ဒုက္ခစုမှလည်း ကျွတ်၏။

သံမှုဖြစ်သော ဓာတ်လုံးသည် ဓာတ်သက်သက်မျှဖြစ် နေတော့၍ မည်သည့်သွပ်၊ သံ၊ ကြေးစိမ်းများနှင့်ရောရော တုံ့ပြန်မနှောတော့ဘဲ မိမိရှိ ဓာတ်အားကို အခံနေရာထား၍ သီးခြားနေသည်ပမာ ဆိုရပါမည်။

သို့ကြောင့်ပင်. .

ယနေ့ ဘုရားရှင်ရှိရာ နိဗ္ဗာန်သို့မှန်း ဆွမ်းကပ်နေသူတို့အား ထိုအငြိမ်းဓာတ်အခံအားဖြင့် ကောင်းကျိုးဖလများ အထင်အရှား ခံစားနေရခြင်း မဟုတ်လော။

ယနေ့ ပန်းဆီမီး ရေချမ်းကပ်လှူသူတို့မှာ ထိုအငြိမ်းဓာတ် (ဓမ္မဓာတ်) ခံအားဖြင့် ကောင်းကျိုးသုခများ ရနေကြခြင်းမဟုတ်လော။

ဤတွင်. .

ဘုရားရှင်၏ ဓမ္မာယတန ဓမ္မဓာတ်အခံအားက တစ်ဖက်၊

http://www.dhammadownload.com



ဝေနေယျ၏ မနာယတန မနောဓာတ် အတိုက်အားက **တစ်ဖက်**၊

ထိုသို့ နှစ်ဖက်တွေ့ထိလျက်ရှိစဉ်. .

ဝေနေယျတို့၏ အကျိုးဂုဏ် မနောဝိညာဉ်ဓာတ်ပုံဝယ် **ဘုရားရှင်**၏ ပုံရိပ်ပေါ်ထင်လာခြင်း၊ ဂုဏ်ဟိတ်ပေါ်ထင်လာခြင်းများ ချဉ်းကပ်လာ**ပြီး** ကောင်းကျိုးပေးခြင်းများ ဖြစ်ပွားနေပါသည်ကို မည်သူမျှ မငြင်းနိုင်ပြီ။

ဤ၌ မနာယတနဟူသည် မနောစိတ်ဟူသော အကြောင်းခံ မနောဓာတ်ဟူသည် ထိုမနောစိတ်၏ သဘောထားပင်ဖြစ်ပါသည်။

သည့်အတူ ဓမ္မာယတနဟူသည် သဘာဝအကြောင်းခံ တရားဖြစ်ပြီး ဓမ္မဓာတ်ဟူသည် ထိုသဘာဝ၏ သဘောသတ္တိပင်ဖြစ်ပါသည်။

အကျိုးဂုဏ် မနောဝိညာဉ်ဟူသည်ကား ထိုအကြောင်းခံ နှစ်ပါးတို့ အကြားမှ ထင်ရှားလာသော အကျိုးပေးသိမှုပင် ဖြစ်ပါသည်။ သို့ကြောင့် ဘုရားကို ဆွမ်းတော်(ပန်း၊ ဆီမီး၊ ရေချမ်း) ကပ်လှူခြင်းဖြင့်. .

ဘုရားရှင့်ဘက်မှကာ ဘာအကျိုးမျှမခံစား၊ ကပ်လှူသူ မိမိဘက်မှာသာ မနောဓာတ် မနောဝိညာဏဓာတ်ခေါ် အရိပ်ပြခြင်း၊ အရိပ်ပြအကောင်မြင်ခြင်းတို့၏ နောက်လိုက် စေတနာ၏ အထက် အနုံသို့လိုက်လျက်က အကျိုးဆက် ခံစားရပါသည်ကို သတိရှိပါလေ။

http://www.dhammadownload.com

http://www.dhammadownload.com

နိဗ္ဗာန်သည် သင်္ခါရကောင်းတို့၏ လဲလျောင်းရာ • • •

သတ္တဝါတိုင်းကို ကံသင်္ခါရ၊ စိတ်သင်္ခါရ၊ ဥတုသင်္ခါရ၊ အာဟာရသင်္ခါရ ထိုလေးဝတို့က ပြုပြင်ပေးနေကြပါသည်။ သို့တစေလည်း

အချို့ကား ထိုလေးမျိုးတို့ကို အဆိုးဘက်ထိုး၍ အပြုခံနေကြပါသည်။

အချို့ကား ထိုလေးပါးတို့ကို အကောင်းဘက်ထား၍ အပြုခံနေကြပါသည်။

ထို အပြုခံပုံ ပြုနေပုံတို့ကို နောက်၌ မဂ္ဂင်နှင့်တွဲ ခွဲပြခဲ့ပါပြီ။ ဤ၌ကား အကောင်းသင်္ခါရလေးပါး လက်ကိုင်ထား၍ ထိုသင်္ခါရတို့အကြားမှ ထွက်ခွာသွားကြပုံကိုသာ အလေးပေးပြောဆိုပါမည်။

ထိုသို့ ပြောဆိုရာ၌လည်း. .

အကောင်းသင်္ခါရဖြင့် ဉာဏ်အဆင့်ဆင့် ရင့်ကျက်စေပြီး သင်္ခါရကြောင့် အစွဲပြတ်၊ သင်္ခါရများပါပင် ရပ်သွားပုံများကို နိဗ္ဗာန်၏ သဘာဝဖွင့်ဆိုပြသရာ တုန်းကပင် ပြဆိုခဲ့ပြီးပြီ။ ဤ၌ကား အကောင်းသင်္ခါရနှင့် ဝင်လာသူကိုမှ နိဗ္ဗာန်က လက်ခံသည်ဆိုသော စကားတစ်လုံးကိုလျှင် ရှင်းပြရန် လိုမည်ထင်

နတ်တလူစာစဉ်

http://www.dhammadownload.com



သည်။

အဆိုးသခ်ီရသည် ဘဝကို လှုပ်နှိုး ကိလေသာသွေးထိုးပြီး နှလုံးသွေး မည်း မသိစိတ် ဖိစီးပေးရာ၌ အသုံးချ၏။

အကောင်းသခ်ီရသည်ကား ဘဝင်လေငြိမ် ကိလေသာသွေးတို့ ထိမ်စေပြီး ဣန္ဒြေမပျက် နှလုံးသွေး အကြည်ဓာတ် တက်စေရာ၌ အသုံးကျ၏။ သို့ကြောင့်. .

ထိုသခ်ီရနှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင် ကန့်ကွက်လျက်ကသာ ရှိ၏။ အကောင်းသခ်ီရတစ်ခု ကံပြု နေကြရာ၌ အဆိုးသခ်ီရစုက အန်တု နေကြမည်။ တစ်ဖန် အဆိုးသခ်ီရများ ကံကစားနေကြရာ၌ အကောင်း သခ်ီရများက ကံသားနေကြမည်။

ထိုတွင် အဆိုးသခ်ီရတို့သည်. .

သတ္တဝါတို့၏စရိုက် ဉာဉ် ဝါသနာတို့ကို ကိုင်လှုပ်၍ အလုပ်လုပ်ကြမည်။

ရာဂါအားကြီးသူတွေ့လျှင်. .

ရာဂအကျင့်ကိုသာကျင့်၊ ရာဂသိသာသိ၊ ရာဂ၌သာ ငြိစေသည်။

ဒေါသအားကြီးသူတွေ့က. .

ဒေါသအကျင့်ကို ကျင့်၊ ဒေါသ သိသာသိ၊ ဒေါသ၌သာ ကပ်ငြိစေမည်။

မောဟအားကြီးသူ တွေ့သော်. .

မသိကျိုးကျွန် အကျင့်ကိုသာ ကျင့်၊ မသိကျိုးကျွန်သိသာ သိ၊ မသိကျိုး ကျွန်ရာ၌သာ ငြိစေမည်။

ထိုအခါ. .

ရာဂသမား၌ နှလုံးသွေး ချင်းချင်းရဲ ဘာဆိုဘာမျှ မသဲကွဲတော့

http://www.dhammadownload.com



လေရာ. .

ရာဂက စိတ်ကိုထိုးကျင့် အဆိုးလမ်း အဖွင့်ခိုင်းတော့သည်။

ရာဂက ကံကိုဆင့် နှုတ်ဖွင့်ကိုယ်ဖွင့် အဆိုးလမ်း ပွင့်စေသည်ပမာ နတ်ဝင်သည်တစ်ဦး၊ နတ်စိမ်းတစ်ဦး ပူးဝင်လေသောအခါ ပင်ကိုစိတ်လည်း ပျက်၊ တစ်ကိုယ်လုံးလည်း တုန်ခါလျက်က မက်မေ့နေသည့်ပုံပင်။

ဒေါသသမား၌ နှလုံးသွေး ချင်းချင်းမည်း ဘာဆိုဘာမျှ မသဲကွဲတော့ လေရာ. .

ဒေါသက စိတ်ကိုစီး အဆိုးလမ်းထဲ အဝင်ခိုင်းတော့သည်။

ဒေါသက ကံကိုဆောင်း တုတ်ကောင်း ဓားကောင်း အထောင်ခိုင်းတော့ သည်ပမာ မှော်ဆရာတစ်ဦး နတ်ဘီလူး ဝင်ပူးလေသောအခါ ပင်ကိုစိတ် မကိန်း တစ်ကိုယ်လုံး ထိန်းမရတော့ဘဲ တရကြမ်း ကြိမ်းမောင်းနေပုံမျိုးပင်။

မောဟသမား၌ နှလုံးသွေး ပျစ်ခွဲ အရောင်မွဲကြောင့် ဘာဆိုဘာမျှ မသဲကွဲတော့လေရာ. .

မောဟက သိစိတ်ကိုပိတ် အဆိုးလမ်း ခေါင်းညိတ်ခိုင်းတော့သည်။

မောဟက ကံကိုပင့် အဆိုးအကောင်း မချင့်နိုင်ရန် ကိုင်ပေးသည်ပမာ သွေးလေတို့ထန် ဓမ္မတာမမှန်လေသူ မိန်းမတစ်ဦး တစ္ဆေဝင်ပူးလေသော အခါ. .

စကားမမှန် လေသံမတင်း တဟင်းဟင်း သက်ပြင်းချနေပုံသို့ပင်။

ထိုစရိုက်ဆိုးတို့ကို သဒ္ဓါရဆိုးတို့က စိုးမိုးကာ စိတ်ကိုလည်းကောင်း၊ ကိုယ်ကိုလည်းကောင်း ပြုပြင်စီမံပေးကြရာ ထိုဒေသသည် ကံမကောင်း သောဒေသ ဆိုရပါမည်။ ထို လူသားတို့သည်လည်း ကံဆိုးမိုးမှောင်ကျသမား

http://www.dhammadownload.com



များချည်းသာ ဖြစ်လာပါမည်။ သို့ကြောင့်. .

ကံကိုဖျက်၍ ငါးပက်စားရန် မရှက်ကြတော့ပါ။

တုံ့လှည့်တစ်ဖန် ခံရမည့်အရေး တွေး၍မှု မကြောက်ကြတော့ပါ။

ထိုဆိုးကံကို ကောင်းကံက တော်လှန်ရန် အမြဲကြံနေပါသည်။

ကောင်းကံသည်. .

အရွယ်ကိုလည်း ခန့်မှန်းနေပါသည်။ အငယ် အလတ် အရွယ်ဆိုး ကံတွယ်နေတုန်း ဖြစ်နေ၍၊

ဘဝနာကြည်းချက်ကိုလည်း အကွက်ချောင်းနေပါသည်။ မထိလျှင် မနာ၊ မနာလျှင် မသိတတ်သေး၍၊

စိတ်မာန်အကျကိုလည်း ချိန်ဆနေပါသည်။ စိတ်ဓာတ် တက်ကြွနေဆဲ မာန်မစဲသေး၍၊

ယနေ့ အရွယ်လည်းကျ၊ ဘဝလည်းနာ၊ စိတ်ဓာတ်ပါ ကျနေချိန်ပင်။

ထိုနေ့သည် ကောင်းရန်အစွဲ စိတ်ဇောကျလာ၍ အကောင်းသင်္ခါရဝင်၍ ရသောနေ့တည်း။

ထို အကောင်းသင်္ခါရအုပ်စုသည်. .

လူသားတို့၏စိတ်ကို အနုသယဘူမိမှ ပညာဘူမိသို့ ပြောင်းရွှေ့ပေးကြမည်။ ကိလေသာထဲ အမြစ်စွဲနေသောစိတ်ကို ချွတ်နုတ်လျက်က အမှန်သို့ ပွဲထုတ်ပေးကြမည်။

ဆိုးကျင့် ဆိုးသိ ဆိုးငြိပျော်သော စရိုက် ဉာဉ် ဝါသနာတို့ ဖြင့် ဆိုးစရိုက်သို့ လိုက်နေသော ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ် အဆိုးသုံးတွဲကို. .

ကောင်းကျင့် ကောင်းသိ အကောင်းငြိပျော်သော စရိုက် ဉာဏ် ဝါသနာ

http://www.dhammadownload.com



တို့ဖြင့် ကောင်းစရိုက်သို့ ဆိုက်လာရန် သဒ္ဓါစိတ်၊ ပညာစိတ်၊ အတွေးအခေါ်မှန် စိတ်သုံးတွဲဖြင့် လဲပေးကြမည်။

ထိုသို့ လဲလှယ်ပေးကြရာ၌. .

ကံသည် သူထံနေစိတ်ကို ကိုယ့်ထံသို့ အိပ်ရန် သိပ်ပေး မည်။

စိတ်သည် အစွဲသိစိတ်ကို အထဲသိစိတ်ဖြစ်လာရန် ညစ်အားပေးမည်။

ကြိုက်စွဲ မုန်းစွဲ မသိကျိုးကျွန်စွဲများကို. .

အဟောင်းသို့နိုက်တွေး စရိုက်သွေးများ မထကြွရန်အထိ ကံစိတ်က တွန်းလှန်မည်။

အသစ်သို့ လိုက်ပြေး သညာသိများ မလုံးထွေးရန်အထိ ကံစိတ်က တွန်းလှန်မည်။

သို့ကြောင့် အဟောင်းလည်း မထသာ အသစ်လည်း မစသာရှိချိန်ဝယ် နှလုံးအိမ်လည်းငြိမ်၊ ဣန္ဒြေလည်းရ၊ အာရုံ မှန် သွေးမှန်တို့ချည်းကျနေတော့ ရာ. .

စိတ်သည် ရှုမြဲအလုပ်၌ နှစ်လိုအားရ သဘောကျလာပါမည်။

ကိုယ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း နေသားလည်းကျ၊ သက်သာရာလည်း ရနေပါမည်။

ကိုယ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း အာရုံမပျက် စိတ်မကလက်လည်း ဖြစ်နေပါမည်။

ထိုအချိန်သည် ကံစိတ်တို့က အမှတ်မှ အမှတ်သို့ချည်း ဆက်စေ၍ လည်းကောင်း၊ ဖြစ်ပျက်ခြင်းဟူသည့် မှတ်ဉာဏ်များထက်စေ၍လည်း ကောင်း၊ ရုပ်နာမ်ကွဲ ကြောင်းကျိုးသိစသည် အသိဉာဏ်များထက်စေ၍လည်း

http://www.dhammadownload.com



ကောင်း ဒလတွန်း ပြုပြင်ပေးနေကြတော့ရာ သင်ဆိုသော လူသားသည် စရိုက်ဆိုးမှ စရိုက်ကောင်းသို့ သညာသိမှ ပညာသိသို့ ပိုက်မိတော့မည်ကား သေချာပြီ။

ဤကား အဆိုးမှ အကောင်းပြောင်း လမ်းကြောင်းတည့် ပေးလိုက်ခြင်း။

http://www.dhammadownload.com

ရုပ်နှင့်နာမ်တို့သည် မရှိရာမှလာ၍ မရှိရာသို့ ပြန်ကြလေပြီ

ရုပ်သေးမင်းသမီးကြီး ဦးဖူးညိုသည်. . .

ဇရာထောင်း၍ အရွယ်ညှောင်းလာလေသောအခါ ပွဲချိုပွဲညများ လက်မခံနိုင်တော့ပါ။

ရင်းဆိုတိုင်း ပြောတိုင်း ဆိုင်းနှင့်တွဲ ပွဲဝင်ထားရသော ယမင်းရုပ်ကလေးသည်လည်း အရောင်ကင်း၍ မင်းသမီးပုံလည်း မပေါ်တော့ပါ။ ကြိုးချင်းတွဲ၍ အဆွဲခံထားရသော ကြိုးစုံများလည်း အထုံးအဖု ပြတ်လုလုများချည်း ဖြစ်နေတော့ရာ ကြိုးဆွဲဆရာ၏စိတ်ကြိုက် ဆွဲတိုင်းမလိုက်၊ နှိုက်တိုင်းမပါ၊ အထူးပြုအမူအရာများချည်း မပြနိုင်တော့ပါ။ သို့ကြောင့် ကြိုးဆွဲဆရာက ထိုအရုပ်ပွဲမထုတ်တော့ဘဲ အနားပေးထားလိုက်ပါပြီ။

ဤသို့ဖြင့် ရုပ်သေးမင်းသမီးကြီး ဦးဖူးညိုသည်လည်းကောင်း၊ အရုပ်ကလေးသည်လည်းကောင်း ယင်းတို့၏ ခံနိုင်ရည် ကံအရှိန် စိတ်အရှိန်များက ဥတုအရှိန် အာဟာရအရှိန် ကိုက်ကွက်၏အဖျက်ကို ကြံ့ကြံ့မခိုင်ခံနိုင်ကြသော အချိန်. . .

နတ်တလူစာစဉ်

http://www.dhammadownload.com



ရုပ်သေးမင်းသမီးကြီးလည်း အိပ်ရာထဲလဲ သေပွဲဝင်သွားရပါသည်။

အရုပ်ကလေးလည်း ကြိုးစုံပြတ်လျက်က မြေထဲ နစ်မြုပ်သွားပါသည်။ ထိုမြေတွင်လည်း ဥတုခိုးများက ပူတစ်ချည် အေးတစ်လှည့်ဖြင့် ဖိစီးနှိပ်စက်နေကြရာ ဆွေးမြည့်ခြင်း၊ သဏ္ဍာန်ပျောက်ခြင်း၊ မြေဓာတ်အဖြစ်သို့ ရောက်ခြင်းများအထိ စိမ့်ပေးလိုက်ကြပါသည်။

အရုပ်ထုထားသော ယမနေသားသည် အစက မရှိရိုးအမှန်ပါ။ ထိုယမနေသား ပေါက်ဖွားရာ မျိုးစေ့သည် မျိုးစေ့သာဖြစ်ပါသည်။

ထိုမျိုးစေ့ဝယ် ပင်စည်လုံးပတ်ဟူ၍ ဟုတ္တိပတ္တိ မပါခဲ့ပါ။

ထိုမျိုးစေ့ဝယ် အခက်အလက် အရွက်ဟူ၍ တွဲဖက် မပါခဲ့ပါ။

ထိုမျိုးစေ့ဝယ် အပွင့်အသီးဟူ၍လည်း ထီးထီးမပါခဲ့ပါ။

သို့တစေလည်း. .

ထိုမျိုးစေ့သည် မြေကိုတိုး၍ မိုး၏အကျကို ခံယူလိုက်လေသောအခါ. .

၎င်းရှိ ဗီဇသတ္တိသည် နိုးထလာကာ အညှောက်သို့ ပြောင်းလာပါသည်။

တစ်ဖန် ထိုအညှောက်က ဥတု၏အပူငွေ့ အအေးငွေ့များကို ထောက်ခံချက်ယူခြင်း၊ မြေဆီကိုသောက်ခြင်းဖြင့် အပင်အသွင်ဖြင့် မြေပေါ်သို့ ချဉ်းလာပါသည်။

တစ်ဖန် ထိုအပင်ကလည်း ရေသောက်မြစ်ဆင်းစေပြီး ရေကို သောက်သုံး၊ မြေဆီကိုလည်း သုံးပြန်ရာ ယမနေပင် ကြီးဟူ၍ ထီးထီး ပေါ်လာပါသည်။

၎င်းယမနေပင်ကြီးကို သစ်ခုတ်သမားက ခုတ်လှဲကာ အရုပ်ထုဆရာသို့ ရောင်းချလိုက်လေရာ အရုပ်ထုဆရာသည် ထိုသစ်တုံးများကို တုံး၍တုံး၍. .

တစ်တုံးကိုကား မင်းသားရုပ် ထုလုပ်ပါသည်။

နတ်တလူစာစဉ်

http://www.dhammadownload.com



တစ်တုံးကိုကား မင်းသမီးရုပ် ထုလုပ်ပါသည်။

ကျန်အတုံးများကိုလည်း ရုပ်စုံတစ်စင် တီထွင်ထုလုပ်လိုက်ပါသည်။

ထိုသို့ သစ်တုံးမှ အရုပ်ထုလုပ်ပြီးစီးလေသောအခါ ကကြိုးတပ်ဆင်ပေးခြင်း၊ ပုံဖော်ခြင်း၊ ဆေးခြယ်ခြင်းစသည်များဖြင့် မွမ်းမံလိုက်လေရာ ယမနေသား မရှိကြတော့ပါ။ ယမနေပင်ဟူ၍လည်း အသွင်မပေါ်တော့ပါ။ ယမင်းရုပ်သွင်လေးများသာ မင်းသမီးရုပ်၊ မင်းသားရုပ် စသည့်အသွင်သို့ အစဉ်ပြောင်းသွားကြပါပြီ။

ယနေ့ ထိုအရုပ်များ သက်တမ်းကုန်ဆုံး၍ မြေသို့လုံးလုံးကျသက်လေသောအခါ အရုပ်လည်း မြေသားဘဝသို့ပြန်လည်ရောက်ကြရပါသည်။

မရှိရာမှလာသော ယမနေသား မရှိရာသို့ ပြန်သွားလေပြီတည်း။

သည့်ပမာလျှင်. . .

သတ္တဝါတို့တွင်လည်း. . .

မူလအစ၏ ဖြစ်စဉ်သည် ဓာတ်လေးပါးတို့ ပေါင်းဆုံမိကြရာမှ ဥတု၏ အပူပေး အအေးခံပြုပြင်မှုဖြင့် ဖြစ်ပေါ်လာကြရခြင်း ဖြစ်ပါသည်။ သို့ကြောင့် သတ္တဝါသည် မရှိရာမှ စ၏၊ မသိရာမှလည်း စ၏။

ဓာတ်ရုပ်ဆက်ဆက် အသက်ဝင်နေခြင်းမျှသာဖြစ်ခြင်းကြောင့် မရှိရာမှ စ၏။

ရုပ်ဖြစ်စဉ် တိရစ္ဆာန်အသွင်များမှသာ စတင်ရခြင်းကြောင့် မသိရာမှ သာစ၏။

ထိုပထမဘဝဝယ် ခန္ဓာတွင်းသို့ သူနေရာနှင့်သူ ကောဋ္ဌာသအစိတ်အပိုင်းများ ဥတုက ပြင်ဆင်ပေးလိုက်သောအခါ ပမာစက်တစ်ခုဝယ်

http://www.dhammadownload.com



အစိတ်အပိုင်းများ သူ့နေရာနှင့်သူ တပ်ဆင်ပေးပြီး လှုပ်နှိုးလိုက်သောအခါ စက်လည်ပတ်ခြင်း၊ စက်သံမြည်ဟည်းခြင်းများ ထင်ထင်ကြီးပေါ် ပေါက်လာသည်ပမာ. .

ရုပ်တို့၏ဖြစ်စဉ်ကြီးသည်လည်း အသက်ဝင်ရောက်၍ လာပါသည်။

အာရုံနှင့် အကြည်ဓာတ် အဟပ်ခံလိုက်ရသည်နှင့် အသိလည်း ဝင်လာရပါသည်။ ထိုအသိဝယ် အတွင်းနေ မနောဝိညာဉ်သိက ပြင်ပရောက် အာရုံအတိုက်ဓာတ်၌ ပါလာသော ဓာတ်သဘာဝတို့အပေါ် အဝင်လေ လှုပ်ရှားပေးခြင်း၊ နှလုံးသွေး အစေးထခြင်းများ အကူအညီဖြင့် ဆင်ခြင်ကြည့်လေရာ ငဲ့လင့်ခြင်း၊ စုံစမ်းခြင်း၊ ဆုံးဖြတ်ခြင်းနှင့်အတူ-

ဓာတ်တည့်အာရုံဖြစ်က ချစ်နှစ်သက်ခြင်းစိတ် ဖြစ်ပေါ်လာစေပါမည်။

ဓာတ်မတည့်အာရုံဖြစ်က မချစ်မနှစ်သက်စိတ် ဖြစ်ပေါ်လာစေပါမည်။

တစ်ဖန် ထို အချစ်အမုန်းအာရုံများကို နောင်အခါတွေ့လာသော် ဆောင်ရန်၊ ရှောင်ရန်အတွက် မှတ်ချက်များချထားပေးလိုက်ပါသည်။

ထိုချစ်ခြင်း မုန်းခြင်း မှတ်ချက်ချထားခြင်းနှင့်အတူ နှလုံးသွေးသည် ချစ်လျှင်အရဲ မချစ်သော်အမဲ၊ မသိသော် အမွဲရောင်များ စီးကျလာပြီး အသည်းသို့ သုတ်လူးပေးပါသည်။ သည်းခြေအိတ်မှ လေဓာတ်အဝါသွေးများကလည်း ထိုအသည်းသို့ပင် အဝါရည်သုတ်လိမ်းပေးလိုက်ပါသည်။

ထိုအခါ အချစ်ခံလိုက်ရသော အာရုံပုံရိပ်သည် မင်သုတ်တံဆိပ်စက္ကူပေါ် ရိုက်နှိပ်လိုက်သည်ပမာ အသည်းလွှာဝယ် ပေါ်ထင်လာပါမည်။ အချစ်၏ အားအကြီးအသေးလိုက်၍ အရိပ်လည်းအထင်းကြီး အထင်းသေးကွာပါမည်။ သည့်အတူ မုန်းသော် မသိသော် ထိုမုန်းမသိအတိုင်း အရိပ်လှိုင်းများ

http://www.dhammadownload.com



စွဲထင်းကျန်ရစ်ကြပါမည်။

သို့ကြောင့် နောင် ဒုတိယဘဝစသည် ဘဝကူးဆက်ကြရာ၌. . .

ထို မသိကြိုက် မသိတိုက် အစွဲရိပ်ထဲမှ တစ်ခုခုကို ရွေးကောက်ကာ ပမာခတ်ပုံရိုက်ကူးထားပြီး ဖလင်မှ လိုရာရာပုံရိပ်ကို တစ်ဖက်စက္ကူသို့ ကူးလိုက်သည်ပမာ နောက်ဘဝကို ဆက်လာရပါသည်။

ထိုဒုတိယဘဝ စသည် နောင်နောင်ဘဝတို့သို့ ကူးရာ၌ ဥတုအာဟာရ တို့ကား နောက်ယောင်ခံ ကံဝိညာဉ်တို့ကသာ ဦးဆောင်လာပါမည်။ ထိုထိုနောက်ဘဝများ၌. . .

သတ္တဝါတို့ကို မိမိတို့ပြုဖူးခဲ့သော ကံကသာ စီမံပါတော့သည်။

ထိုကံသည် အစွဲသိ အစွဲပြော ဝိညာဉ်၏ သဘောအတိုင်း လိုက်လျော ပါမည်။

ထိုအစွဲဝိညာဉ်သည် ကြိုက်နှစ်သက်မှု တဏှာသို့ ဥက္ကောင်းပြုပါမည်။ ဤသို့ဖြင့် မသိသောဘဝ တိရစ္ဆာန် လောကချည်းကိုပင် မသိကြိုက် ကြိုက်မသိနှစ်ပါး ဘယ်ပြန် ညာပြန်ထားလျက်က လိုက်မိလိုက်ရာ လိုက်ပါ ကြရ၏။ ဘဝကိုလည်းကောင်း၊ သံသရာကိုလည်းကောင်းလည်ပတ် ရှိန် စိတ်ချရရန် အခိုင်အမာ တည်ဆောက်ခဲ့ကြပါသည်။

ထိုသို့ တည်ဆောက်ကြရာ၌. .

ကံသခါရ၊ စိတ်သခါရ၊ ဥတုသခါရ၊ အာဟာရသခါရ လေးမျိုးတို့ကလည်း စိတ်ကူးပေးခြင်း၊ အကောင်အထည်ဖော်ပေးခြင်း၊ အခိုးပင့်ပေးခြင်း၊ အဆာသွင်းပေးခြင်းများဖြင့် ကျရာတာဝန် ကျေပွန်စွာထမ်းဆောင်ပေး ခဲ့ကြပါသည်။

http://www.dhammadownload.com



ထိုသတ္တဝါသည်. .

ဘဝခရီးလမ်းကြောင်း သံသရာဇာင်းကြီးပေါ်ဝယ် မသိကြိုက် ကြိုက်မသိ ဘယ်ညာဖဝါး ဖိဖိစီးစီးကြီး စီးဝါးမိစေလျက်က. .

စိတ်အကြံ့ အသံသွင်း၍ သီချင်းအော်ဟစ်ဆိုပါသည်။

ကံအစီအမံ နာခံက ကယာန်ပြင်လိုက်ပါသည်။

ဥတုအခိုး ဘဝကိုနှိုး၍ ကကြိုးပြောင်းကပါသည်။

အစာဖြည့်တင်း အဆာသွင်း၍ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းအမှု ပြုပါသည်။

အာရုံ၏အတိုက် ကြိုက်မကြိုက်လိုက်၍ ကကွက်ဆိုက်စေပါသည်။ ဝန်းကျင်နေ ဇာတ်မတူ သတ္တဝါတို့ကား ပွဲကြည့် သမားများချည်းသာတည်း။

ထိုမှတစ်ဆင့် သမ္ဘာရင့်လာလေသောအခါ. .

မိခင်မေတ္တာဖြင့် ကောင်းမှုပြုခွင့်ရ၊ ဥခွံမွေးတိရစ္ဆာန်၊ ဝမ်းလွယ်မွေး တိရစ္ဆာန်ဘဝများသို့လည်း စုန်ဆန်များစွာ ကကြိုးဆင်ကာ ကပြခဲ့ကြပါသည်။

ထိုမှနောက် ထိုကောင်းမှုကို ထောက်၍. . .

လူ့ဘဝနှင့်လည်း နီးစပ်မည်၊ လူ့ဘဝကိုလည်း စွဲမည်၊ ထိုအကြောင်းခံများ ဖြင့် လူ့ဘဝသို့လည်း တက်ရောက်ကာကပြကြပါမည်။

ထိုလူ့ဘဝဝယ် လူကျင့်အတိုင်းလည်း ကျင့်၊ စိတ်မြင့်လည်းမွေး၊ ဝဋ်ကြွေးလည်းကင်း၊ ကိုယ်ချင်းလည်းစာ၊ တန်းတူလည်းထား ကကြိုးများပြောင်း ထားသော်. . .

နတ်ဘုံ၊ ဗြဟ္မာ့ဘုံသို့အထိ အထက်အထက် တက်၍ ကရပါမည်။

အကယ်တိတိ လူ့ဘဝ လူ့ဝန်းကျင်တို့ရှေ့ တိရစ္ဆာန်တို့ ဓလေ့အတိုင်း

http://www.dhammadownload.com



ဆက်ကနေသော် လူသည် တိရစ္ဆာန်ထက် စိတ်စေတနာကြီးမားလွန်းလှသောကြောင့်လည်းကောင်း၊ အသိဉာဏ်ကြွယ်ဝလှသောကြောင့်လည်းကောင်း၊ အသိ ခေါက်ခက် အဝင်နက်ဟူသော စကားပမာ အပါယ်ရွာတို့သို့လည်း ဆင်း၍ ကပြအသုံးတော်ခံပေးရပါဦးမည်။ သို့ကြောင့်. . .

လူ့ဘုံလူ့ဘဝသည် ဒေသစုံ အကစုံစုံလင်သောကြောင့် ဗဟုသုတစုံ ရနိုင်ပါသည်။

အထက်အောက်နှစ်ပါး အလွှာများနှင့် ဆက်ဆံရသောကြောင့် သဘောစုံ အကုန်သိနိုင်ပါသည်။

ကိုယ်ပိုင်ဘဝ လိုသလိုနေနိုင်ကြသောကြောင့် ကိုင်လိုရာလည်း ကိုင်နိုင်ပါသည်။

အကြောင်းသိခွင့်ရ အကျိုးပယ်ခွင့်ရသောကြောင့် သိလည်းသိ ပယ်လည်း ပယ်နိုင်ပါသည်။ သို့ကြောင့်. . .

ဘယ်သူသည် ကပြရသနည်း၊

ကပြသူ၏ပိုင်ရှင်က ဘယ်သူနည်း၊

ဘာ့ကြောင့် ကပြနေရပါသနည်း။

ထိုအတွေးများ တွေးမိလာ၏။ အတွေးသိသည် အပြေးကြည့်ထက် သေချာပါ၏။ ကပြရသူကား ဘဝ၊ ကြိုးဆွဲကာပြသစားသူက တဏှာ၊ ပွဲတောင်းလှာသူက အာရုံ ဤအဖြေခင်း လင်းခနဲ ရှင်းလာတော့ရာ. .

အင်း ငါသည်ကား. . .

အာရုံနှင့် တဏှာတို့အကြား မားစာခံသမား သက်သက် မျှသာပါတကား၊

မသိနှင့် အကြိုက်တို့အကြား အကောင်းထင်မှုဖြင့် လိုက်စားပေးနေရ

http://www.dhammadownload.com



သူသာပါတကား။

အစွဲနှင့်ဘဝတို့အကြား လှိမ့်ကန် အကန်ခံနေသူပါတကား။

ဤသို့လျှင် စာရင်းရှင်းမိတတ်လာ၏။ အရှာခိုင်းသူလည်း တဏှာ၊ အသုံးခိုင်းသူလည်း တဏှာ၊ ငါကား ဘာ တစ်ဟုတ်မျှ လက်ဆုပ်မမိသူဟူ၍လည်း အပိုင်သိလာ၏။

သင်သည် ထိုသို့သောအခါမျိုးဝယ်. .

အကျိုးမဲ့အလုပ်နှင့် အကျိုးရှိအလုပ် ခွဲခြားကာ အဖြေထုတ်မိလျှင် ဘာကိုလုပ်မည်နည်း။

အပြစ်ကင်းအလုပ်နှင့် အပြစ်ရှိအလုပ် ခွဲခြားကာ အဖြေထုတ်မိလျှင် ဘာကိုလုပ်မည်နည်း။

အပိုင်အလုပ်နှင့် အဆိုင်အလုပ် ခွဲခြားကာ အဖြေထုတ်မိလျှင် ဘာကိုလုပ်မည်နည်း။

သတ္တဝါတိုင်း. . .

မိမိတို့ပြုကျင့်နေသော အကျင့်၊ ခံစားနေသော အာရုံ ခုံမင်နေသောအစွဲသည် အကျိုးလည်းမဖြစ်၊ အပြစ်လည်းရ၊ သူတစ်ပါးကိစ္စချည်းသာဟူ၍ ဤသို့သာ အပိုင်သိ သိနေသော် အကျိုးဖြစ် အပြစ်ကင်း လက်ငင်းကိုယ်တွက်ရ အလုပ်ကိုချည်းသာ လုပ်မှာ သေချာသည်။ သည့်အတူ. .

တစ်ခါလုပ်၍ တစ်ခုရ အလုပ်ထက် တစ်ခါလုပ် ဆယ်ခုရအလုပ်ကိုသာ ပိုလုပ်မည်။

တစ်ရက်လုပ်က တစ်သက်လုံး ထိုင်စားရမည့်အလုပ်မျိုးဆိုက တိုးလုပ်မည်။

နတ်တလူစာစဉ်

http://www.dhammadownload.com



တစ်သက်လုပ် ဘဝတစ်ဖက်ထိ ဟုတ်မည့်အလုပ်မျိုးဆိုက သာ၍ ပင်လုပ်မည်။

ထိုသူသည်. . .

ငါဟူသော ကြိုးတုပ်ခံထားရခြင်း၊ တဏှာရေယာဉ်ကြော မျှောအချခံရခြင်းများကို. . .

အဘယ်နေရာသည် အစ၊ အဘယ်နေရာသည် အဆုံးဟူ၍လည်း အမှတ်ထားမည်။

အစနှင့်အဆုံးကြား ဖြတ်ခား ထားရန်လည်း အားယူလိုက်ပြီ။

အစနှင့်အဆုံး ကြားဖြတ်ခားဖြင့် ပါးပါး ပါးပါး လှီးဖြတ်ချထားသည်။

ထိုသူ ကြိုးတုပ်ပြုတ်၍ မိမိကိုယ်မိမိ ရေမှဆယ်တင် ထုတ်လေသော်. . .

အိုဟောင်းပျက်စီးနေသော အရုပ်ကလေးသည်. . .

ထရံချိတ်၍ ဘေးသိပ်ခံထားရစဉ် လေတိုက်ကြမ်း၍ ဖြစ်စေ၊ ကြိုးမခိုင်တော့၍ဖြစ်စေ နေအိမ်မှကျ မြေသို့ခသော် ပထမအရုပ်၊ ထို့နောက် အဆက်ပြုတ် အရုပ်မပီမသ၊ ထို့နောက် သစ်သားသည် သစ်သား၊ နောက်သော် ထိုသစ်သားသည်ပင် ဆွေးမြည့်ခြင်း၊ ကြေမွခြင်းများဖြစ်ပြီး မြေသား နှင့်မခြား တစ်သားတည်း ပြန်ဖြစ်သွားသည်ပမာ. . .

အစွဲပြုတ်ရာမှ အစွဲရုပ်များ ရုပ်စဲသွားလေသောကြောင့်. .

ရုပ်ဟူ၍လည်း မရှိ၊ နာမ်ဟူ၍လည်း မရှိ၊ မည်သည့် အာရုံနှင့်မျှ မချိတ်မိစေတော့ဘဲ မရှိရာမှလာ၍ မရှိရာသို့ပင် ပြန်ခွင့်ရချေပြီ။

သို့သော် ယခုမရှိသည် ယခင်မရှိနှင့်ကား လားလားမျှ မတူပါချေ။ ယခင်မရှိကား မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်၊ ယခုမရှိကား

http://www.dhammadownload.com



အငြိမ်းဓာတ်၊ အအေးဓာတ်၊ ဓမ္မာ ယတန ဓမ္မသဘာဝနိရောဓ။
ဤကား နိဗ္ဗာန်၏အခန်း။။

http://www.dhammadownload.com



ဥယျာဉ်မှူး၏ သရုပ်မှန်သော သုတ္တန်

လောကတွင် သိအပ်မှတ်အပ်သော သဘာဝတရားသည် ဤငါးမျိုးတို့ ပင် ဖြစ်ပါချေ၏။ ထိုငါးမျိုးတို့ထက် အပိုဟူ၍လည်းမရှိ အလိုဟူ၍လည်း မရှိပါချေ။

ထိုတွင်. .

သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ ပညတ် ဤလေးမျိုးတို့ကား လောကတွင်း၏ သိအပ်သော သဘာဝတရားများပေတည်း။

နိဗ္ဗာန်ကား လောကအပြင်ဘက်၏ သိသင့်သိအပ်သော သဘာဝ တရားပေတည်း။

သို့ကြောင့်. . .

လောကတွင် တည်ရှိနေသေးလျှင် သင်သည် အဘယ် ဘုံဝယ် နေနေ၊ အဘယ်ဘဝပဲ ရောက်ရောက် ဘဝကို. .

ကံက လူဟယ် နတ်ဟယ် ပြုပြင်ပေးလိုက်သောအခါ၊

စိတ်က ယောက်ျားဟယ် မိန်းမဟယ် အသွင်ဆောင် ပေးလိုက်သော

http://www.dhammadownload.com



အခါ၊

ဥတုက ဖွံ့ဖွံ့ထွားထွား အားပါးတရဖြစ်လာအောင် မှုတ်ထုတ်လိုက်သောအခါ၊

အာဟာရက စိုစိုပြည်ပြည် နဂိုရည်ထက် နဂိုင်းထွက် ပေးလိုက်သောအခါ၊

ဝိကာရတို့သည် သဏ္ဌာန်နှင့်ဟန် အံ့ဝင်ခွင်ကျဖြစ်စေသည်အထိ အထူးပြု အမူအရာများ ပြုလုပ်ပေးကြရပါသည်။

လက္ခဏာတို့သည် သဏ္ဌာနှင့်သရုပ် အဟုတ်ပေါ်လွင်လာစေသည်အထိ လှုပ်ရှားပြသပေးကြရပါသည်။

ပညတ်တို့သည်ကား သိစေလိုသည်နှင့် အရှိတစ်ထပ်တည်း တွဲမိသွားစေသည်အထိ အမည်တင်ပေးရပါသည်။ ထိုအခါ. . .

သင်္ခါရအုပ်စုက ထုလုပ်ပေးလိုက်သော အရုပ်ကလေးသည် ပရိသတ်တို့ ပွဲတောင်းချိန်ကာလ ပရိသတ်တို့ အလိုကျစေသည်အထိ အမူအရာအမျိုးမျိုး ကကြိုးများဖြင့်လည်း ကပြအသုံးတော်ခံလျက်ရှိပါသည်။ ခေါင်းခါးခြေလက် လေးချက်စုံမပျက်သော ကွက်များဖြင့်လည်း သရုပ်ဆောင်ပါသည်။ အလွမ်းအသောများနှင့်တကွ သံဝေဂရစေသည် အထိသော ဇာတ်ထုပ် ဇာတ်လမ်းများဖြင့်လည်း မှတ်တမ်းတင်စေရသည်အထိ ထိထိမိမိ ခင်းကျင်းပါသည်။

ထိုသို့ ကရင်း ပြရင်း သရုပ်ဆောင်ရင်းကပင်. . .

ထုလုပ်ပေးလိုက်သောကံ၏ လက်စွမ်းပြအရှိန်ကျသွားလေသောကြောင့်၊

ကြိုးဆွဲနှင့် အဆိုတော် ပျော်လိုစိတ် မပေါ်တော့သောကြောင့်၊

နေဒဏ်လေဒဏ်တို့၏ အရှိန်သတ္တိကို မလွန်ဆန်နိုင်သောကြောင့်၊

http://www.dhammadownload.com



ဆေးသား စုတ်ချက် ထပ်မံ၍ အခြယ်မဆက်တော့သောကြောင့် ကြိုးပြတ်ကာ ခွေကာကျ မြေမှာ ခရှာရပါသည်။

ယမန်နေ့က ကကြိုးကွက်ဖြင့် အသက်ဝင်နေသော အရုပ်ကလေး

ယနေ့ ကကြိုးပျက်၍ အသက်မဝင်တော့သောအခါ. .

မည်သည့်ပရိသတ်ကမျှ မင်းသမီးဟူ၍ အသိအမှတ်မပြုကြတော့ပါ။

ထိုအရုပ်ကလေးကလည်း မည်သူ့ကိုမျှ ပွဲကြည့် ပရိသတ်ဟူ၍ အထင်မကပ်ပါ။

သို့ဆိုသော်. .

ပွဲတောင်းခံ့ရခြင်းနှင့် ကပြခြင်း မည်သူက အရင်းမူလ သဘာဝကျပေနည်း။

ပွဲမကြည့်တော့ခြင်းနှင့် ပွဲမကတော့ခြင်းလည်း မည်သူသည် အဦးရုပ်သိမ်းခြင်းပေနည်း။

ဤဉ်ကား

ရုပ်သေးစင်က ဟောပြသော ဥယျာဉ်မှူးသဘာဝငါးပါးမျှသာဖြစ်ပါချေ၏။

ထိုဥယျာဉ်မ်တရားငါးပါးတို့သည်. .

လေးအသေင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှသော ဖြည့်ကျင့် အားဖြင့် သိရှိထားတော်မူသော ရှင်တော်မြတ်ဘုရား၏ ဝေဖန်ချက်ကား ဤမျှညွှန်းဆိုသည် မဟုတ်ပါ။

ဤဉ်ကား. .

အိမ်နေ အိမ်စွဲ ကြိုးအဆွဲခံ ကံရုပ်ပိုင်ရှင်လေးများအတွက် မှတ်သားစရာ

နတ်တလူစာစဉ်

http://www.dhammadownload.com



အလို့ငှာ အတိုအထွာ ကျမ်းကထာ အဖြစ်ဖြင့် သရုပ်ဖော်ပြထားရုံမျှသာ၊ ဥဒေယျမြမ်၏ အရှိသည် ဤမျှသာဖြစ်၏ဟူ၍ကား ဘောင်မသတ်ဝံ့သာပြီ။

ထိုအိမ်တင် အိမ်စွဲ ကြိုးအဆွဲခံလေးများသည်. . .

ဤဥဒေယျမြမ့်သုတ္တန်ကို ကြည့်မိရာမှ. .

ဩော်. . ငါသည်ကား. . .

ကံ၏ အစီအမံအတိုင်း ဘဝကို ရနေခြင်းပါတကား၊

စိတ်၏အစွဲအလမ်းအတိုင်း မသဘာဝ၊ ကျားသဘာဝ ရနေခြင်းသာ ပါတကား။

ဥတု၏ အရောင်အသွေးအတိုင်း အဖြူ အညို၊ အမည်း စွဲနေခြင်းသာ ပါတကား၊

အာဟာရ၏ ဩဇာသတ္တိအတိုင်း အစိုး အခြောက် ရုပ်ဓာတ်ပေါက် နေခြင်းသာပါတကား၊

ကံ စိတ်တို့၏ အလိုကျ အမူအရာ အထူးလုပ်ပြနေခြင်း သာပါတကား၊

ကံစိတ်တို့၏ လိုက်လံစမီမံချက်အရ ရုပ်သွင်ပြောင်း ဟောင်းမြဲပေးနေ ရပါတကား၊

ကံစိတ်တို့၏ လိုက်လံစီမံချက်အရ သိစေသိနေခြင်းမျှ သာပါတကား၊

ဤမျှ အထာပေါက်သော်. . .

ဤသုတ္တန်ထုတ်ပြန်ရကျိုး နပ်ပေပြီ။ ထို့ထက် တစ်ဆင့်တက်ပျက်ပြီး နောက် ကုန်၊ ကုန်ပြီးနောက် ပြန်မဖြစ်တော့သည်အထိ ဇာတ်သိမ်းရှိ သိပိုင်ပါ လျှင်ကား ဤသုတ္တန်လေးလည်း ဟုတ်မှန်ပေသားပဲဟူ၍ပင် မှတ်တမ်းတင် လိုက်ရုံသာ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ဥေယျောမမှော ဇာနေဘနာမ၊ ကဏ္ဍမေပဥ္စက ဝိဥေယျာ

သင်္ခါရာ လက္ခဏာစေဝ၊ ဝိကာရေနစ ပဥ္စတ္တံ

နိဗ္ဗာနံ ကာရဏော တေသံ ဝိဘင်္ဂ ပဋိဝေဓနေ။

ဥေယျောမမှော - ဥေယျင်္ဂါးတန် တရားမှန်ကို၊ ဇာနေဘနမ-သိသူမည်သည်၊ ဣမေပဥ္စက ဝိဥေယျာ-ဤ ငါးပါးစုကို သိသူတို့ပင်တည်း။

ဥ္စကာ - ငါးခုပေါင်းဆိုသည်တို့ကား. . .

ကတမာနိ - အဘယ်ဟာတို့ပါနည်း။

သင်္ခါရာစ - ကံစိတ်ဥတု အာဟာရတို့က ပြုပြင်ပေးနေ ကြပ်ုတို့လည်းကောင်း၊ လက္ခဏာစေဝ - လှုပ်ရှားပျောက်ပျက် သရုပ်ဆောင်ချက်တို့လည်းကောင်း၊ ဝိကာရေန - အမူအရာ ပုံပြအမျိုးမျိုး လုပ်ပြနေခြင်းနှင့်တကွသော၊ ပဥ္စတ္တံစ - အမည်တပ်ချက် ရှေ့နောက် အချိတ်အဆက်ထားရှိခြင်းလည်း ကောင်း၊ နိဗ္ဗာနံစ - အချုပ်အစပ် ပြတ်စဲပြုပြင်မှုတို့ ခွာရှဲသွားတော့ခြင်းလည်းကောင်း။

တေသံ - ထိုငါးခင်းတို့၏၊ ကာရဏော - အကြောင်း ချင်းတတို့ကို၊ ပဋိဝေဓနေ - ထိုးထွင်းဇောက် ပဋိဝေဓဉာဏ် အမြင်ဖြင့်၊ ဝိဘင်္ဂ - ဝေဖန်ပိုင်းခြားလျက်၊ ဝိဥေယျာ - သိတတ်မြင်တတ်ခြင်းတို့ပေတည်း။

ဤကား ဥေယျမွသုတ္တန် အပြီးပိုင်း။

မဟာဗောဓိမြိုင်ဆရာတော်

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏
ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်၏
ဓမ္မစာပေတရားတော်များပြန့်ပွားရေး ငွေပဒေသာပင်
အလှူရှင်များစာရင်း

၁။ အရှင်တေဇိန္ဒ(ရွှေဥမင်တောရ) ငါးသောင်းကျပ်
၂။ အရှင်ဉာ ဏာဝေ(ရွှေဥမင်တောရ) နှစ်သောင်းကျပ်
၃။ ဒေါ်ဥတ္တမစာရီ(ဇရပ်ကွင်း-လှည်းကူးမြို့နယ်) နှစ်သောင်းသုံးထောင်ကျပ်
၄။ ဆရာအောင်ကျော်စံ ဆယ်သိန်းကျပ်
၅။ ဒေါ်အားမေမိသားစု၊ကျွန်းပင်သာရပ်၊မြစ်ကြီးနားမြို့ ဆယ်သိန်းကျပ်
၆။ ဦးအေးမောင်+ဒေါက်တာစန္ဒာကျော်
သမီးယွန်းမှူးမှူးအိမ်၊
ဆန်းဆင့်ဆင့်အေးမောင်မိသားစုမြစ်ကြီးနားမြို့ ဆယ်သိန်းကျပ်
၇။ ဗိုလ်မှူးကြည်စိုးဝင်း+ဒေါက်တာခိုင်ခိုင်လင်း
သမီးသက်ထားဝင်းမိသားစု ငါးသိန်းခြောက်သောင်းကျပ်
၈။ စေတနာရှင်မိသားစု(ခေတ္တဘန်ကောက်) ငါးသိန်းကျပ်
၉။ ဦးဝင်းထိန်+ဒေါ်အေးအေးယုမိသားစု၊ ရန်ကုန်။ ငါးသိန်းကျပ်
၁၀။ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဦးထွန်းထွန်း+ဒေါ်ဝေဝေမိသားစု
သုံးသိန်းကျပ်
၁၁။ ကိုသန်းလွင်+မယဉ်ယဉ်အေး ထွန်းနိုင်အောင်ကုမ္ပဏီမိသားစု နှစ်သိန်းကျပ်
၁၂။ ဒေါက်တာတင်ထွန်းအောင်+ဒေါ်ခင်ပြတ်မျိုးမြင့် မိသားစု
တစ်သိန်းငါးသောင်းကျပ်
၁၃။ ကိုအောင်နိုင်ဦး+မယဉ်မေ ဝင်းဝင်းကုမ္ပဏီမိသားစု
မြစ်ကြီးနားမြို့ တစ်သိန်းငါးသောင်းကျပ်
၁၄။ ဦးဟုတ်စွမ်+ဒေါ်ခင်ကြူ သားသမီးမြေးတစ်စု၊ ရန်ကုန် တစ်သိန်းကျပ်
၁၅။ ဦးမြင့်ဝင်း+ဒေါ်ဆွေဆွေ မိသားစု၊ ရန်ကုန် တစ်သိန်းကျပ်
၁၆။ ဒေါက်တာခင်မောင်ဇော်+ဒေါ်ခိုင်ခိုင်အေးမိသားစု၊ရန်ကုန် တစ်သိန်းကျပ်
၁၇။ ဦးထင်အောင်ကျော်+ ဒေါက်တာပပဝါ မိသားစု

http://www.dhammadownload.com

ကျော်ဝေယျာကုမ္ပဏီလီမိတက်၊ ရန်ကုန်။ — တစ်သိန်းကျပ်

၁၈။ ဗိုလ်ကြီးမျိုးကျော်ညွန့်+ဒေါ်ဥမ္မာအောင်၊ သမီး မမြတ်သွယ်နိုင်
၅/ဃ၊ မဂ္ဂင်ကျောင်းလမ်း၊ ရွာသစ်အရှေ့ အင်းစိန်။ — တစ်သိန်းကျပ်

၁၉။ ကိုရဲမြင့်+မချောစု၊ အောင်နန်း ၁၂၈၊ မြစ်ကြီးနားမြို့ — တစ်သိန်းကျပ်

၂၀။ ကိုခင်မောင်ထွေး+မနှောင်းငယ်၊ သား ကောင်းမင်းခန့် မိသားစု၊
ကချင်ပြည်နယ်။ — တစ်သိန်းကျပ်

၂၁။ ဗိုလ်ကြီးဇော်သက်နှင့် တပ်ဖွဲ့ဝင်များ၊ ခေတ္တလိုင်ဇာ။ — တစ်သိန်းကျပ်

၂၂။ ကိုအားရင် ရွှေပြည်သာကုမ္ပဏီ မိသားစု — တစ်သိန်းကျပ်

၂၃။ ဗိုလ်မှူးချစ်ကိုကို+ဒေါ်သီတာအောင် မိသားစု တောင်ကြီးမြို့ — တစ်သိန်းကျပ်

၂၄။ ဒေါက်တာအောင်သန်း+ဒေါ်ဝါဝါသန်း
တီကေမိသားစု၊ မြို့မရပ်၊ သာစည်မြို့ — တစ်သိန်းကျပ်

၂၅။ ဒေါက်တာဝင်းနိုင်ထွန်း မိသားစု၊ ထိုင်ဝမ်။ — တစ်သိန်းကျပ်

၂၆။ ဦးကျော်မင်းနိုင်+ဒေါ်စောမွန်လတ်မိသားစု၊
ရန်ကုန်။ — ခုနစ်သောင်းငါးထောင်ကျပ်

၂၇။ ဦးကျော်ကျော်+ဒေါ်အေးအေးမြင့် မိသားစု၊
အမှတ်(၁)ကြေးနီသတ္တုတွင်း၊ မုံရွာမြို့ — ခြောက်သောင်းကျပ်

၂၈။ ဒေါ်သောင်း၊ သား-ဒေါက်တာအိုကေ
အနောက်ဈေးရပ်၊ ရွှေဘိုမြို့ — ငါးသောင်းကျပ်

၂၉။ ဒေါက်တာလှထွန်းဝင်း+ဒေါ်ရီရီဝင်း မိသားစု၊
အောင်သိဒ္ဓိရပ်၊ ဇီးကုန်းမြို့ — ငါးသောင်းကျပ်

၃၀။ ဦးသွေးချွန်+ဒေါ်နန်းရွှေအေး မိသားစု၊ ရန်ကုန်။ — ငါးသောင်းကျပ်

၃၁။ ဒေါ်မြမြသန်း၊ ဒေါ်တင်ပု(မခင်လှဆေးပေါ့လိပ်)မိသားစု
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့ — ငါးသောင်းကျပ်

၃၂။ ဦးအောင်ထူး+ဒေါ်နု မိသားစု သစ်ထုတ်လုပ်ရေး မုံရွာမြို့ — ငါးသောင်းကျပ်

၃၃။ ဦးခင်မောင်သန်း+ဒေါ်ငွေ မိသားစု
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့ — ငါးသောင်းကျပ်

၃၄။ ဦးအေးသိုက်+ဒေါ်ဝင်းဝင်းစိုး၊ သား- မောင်ဝင်းပြည့်ဖြိုး မိသားစု
ကျောက်မြောင်း၊ ရန်ကုန် — ငါးသောင်းကျပ်

http://www.dhammadownload.com

၃၅။ ဦးခင်မောင်ကြည်+ဒေါ်ကျော့ကျော့မိုး မိသားစု
မြန်မာ့သစ်လုပ်ငန်း၊ မိုးမိတ်မြို့ ငါးသောင်းကျပ်
၃၆။ ဦးညွန့်ဝေ+ဒေါ်မြကြည် မိသားစု
အမှတ်(၁)ကြေးနီသတ္တုတွင်း၊ မုံရွာမြို့ ငါးသောင်းကျပ်
၃၇။ ပြည်နယ်တရားသူကြီးဦးမြတ်မင်း+ဒေါ်သီတာ
မြစ်ကြီးနားမြို့ ငါးသောင်းကျပ်
၃၈။ ဦးဘုန်းမြင့်+ဒေါ်ခင်သန်းမေ
အမှတ်(၁၀၀)၊ မြို့မရပ်၊ ကာမိုင်းမြို့ ငါးသောင်းကျပ်
၃၉။ ဦးမင်းချစ်သူ+ဒေါ်အေးအေးဝင်း
သမီး-ရွှေရေးခြယ် မိသားစု၊ ရန်ကုန်။ ငါးသောင်းကျပ်
၄၀။ ဦးခင်မောင်အေး+ဒေါ်လှလှချင်း၊ အရောင်တင်မိသားစု
ဝက်လည်ရွာရပ်၊ ရွှေဘိုမြို့ ငါးသောင်းကျပ်
၄၁။ ဦးမြင့်စိုး+သုခမ္မသီဂီဒေါ်သန်းသန်း၊ သား-ကိုမောင်မောင်စိုးသန်း
မိသားစု၊ ပျဉ်းမနားမြို့ သုံးသောင်းကျပ်
၄၂။ ဦးမျိုးညွန့်+ဒေါ်မြင့်မြင့်ဝင်း မိသားစု၊
ဂြိုဟ်တုဆက်သွယ်ရေးစခန်း၊ ပုတ္တာအိုမြို့ သုံးသောင်းကျပ်
၄၃။ ဦးသိန်းအောင်+ဒေါ်လှစိန်
သားကိုဝင်းနိုင်နှင့်မောင်နှမများ၊ ရွှေညောင်မြို့ သုံးသောင်းကျပ်
၄၄။ ဦးသိန်းအောင် နဝရတ်မိတ္တူမိသားစု၊ လှည်းတန်း။ နှစ်သောင်းကျပ်
၄၅။ ဦးဝင်းမောင်+ဒေါ်စိုးစိုးမြင့်မိသားစု၊ မန္တလေး။ နှစ်သောင်းကျပ်
၄၆။ ဦးမြတ်သူ+ဒေါ်အေးမြတ်မွန်
M.H.T ဆောက်လုပ်ရေး၊ ရန်ကုန်။ နှစ်သောင်းကျပ်
၄၇။ ဒေါ်သန်းမြ ဒေါ်ပေါ် ဗိုးလမင်းမှန့်တိုက်၊ ကလေးမြို့ နှစ်သောင်းကျပ်
၄၈။ ဦးတင်တိုး+ဒေါ်ခင်ပြုံး မိသားစု၊ မိုလ်ချုပ်လမ်း၊ ကလေးမြို့. နှစ်သောင်းကျပ်
၄၉။ ဒေါက်တာသန်းထွေးအောင်+ဒေါ်မြင့်မြင့်မိသားစု၊ ရွှေဘိုမြို့ နှစ်သောင်းကျပ်
၅၀။ ဒေါက်တာနေဦး+ဒေါ်ဗိုဗိုTop Choice စာအုပ်လုပ်ငန်း
အမှတ်-၁၇၂ ၃၁လမ်း၊ ရန်ကုန်။ နှစ်သောင်းကျပ်
၅၁။ ဦးလှအောင်+ဒေါက်တာတင်တင်စု

http://www.dhammadownload.com

၁၉၊ ဧငိုလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။ — နှစ်သောင်းကျပ်

၅၂။ ကိုတင်မြင့်+မစန္ဒာအေးမိသားစု၊
“Good Baby”စတိုး၊ မြစ်ကြီးနားမြို့။ — နှစ်သောင်းကျပ်

၅၃။ ဦးခင်မောင်သက်+ဒေါ်မြင့်မြင့်ခင် မိသားစု
အာရှရောင်းဝယ်ရေး မိသားစု၊ မကွေးမြို့။ — နှစ်သောင်းကျပ်

၅၄။ စေတနာရှင်တစ်ဦး — နှစ်သောင်းကျပ်

၅၅။ မစန္ဒာလင်း(ဦးမြသောင်း+ဒေါ်အေးအေးမင်းရွှေဆိုင်)
လယ်ဝေးမြို့။ — နှစ်သောင်းကျပ်

၅၆။ တပ်ကြပ်ကြီးသန်းဝင်း+ဒေါ်ဥမ္မာထွန်းမိသားစု၊
ရန်ကုန်။ — တစ်သောင်းငါးထောင်ကျပ်

၅၇။ ဒေါ်နန်းမူနှင့်သားများ၊ ရွှေညောင်မြို့။ — တစ်သောင်းငါးထောင်ကျပ်

၅၈။ ဦးအောင်ကျော်ညွန့်+ဒေါ်မူမူမိသားစု
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ — တစ်သောင်းကျပ်

၅၉။ ဦးပန်ကာ+ဒေါ်ခင်ထွေး မိသားစု၊ အမှတ်(၃)၊သာစည်မြို့။ — တစ်သောင်းကျပ်

၆၀။ ဦးမောင်မောင်အေး+ဒေါ်ချိုလေးမိသားစု
အနီးစခန်း၊ ပြင်ဦးလွင်။ — တစ်သောင်းကျပ်

၆၁။ ဦးမောင်မောင်အေး+ဒေါ်တင်မြင့်
အမှတ်(၄)၊ မြို့မရပ်၊ သာစည်မြို့။ — တစ်သောင်းကျပ်

၆၂။ ပညာလွင်ဘော်ဒါ၊ ရေနံချောင်းမြို့။ — တစ်သောင်းကျပ်

၆၃။ ဒေါက်တာမျိုးသန့်+ဒေါ်ခိုင်ခိုင်မော်
သမီး-မြကေသီသန့်၊ သာစည်မြို့။ — တစ်သောင်းကျပ်

၆၄။ ဗိုလ်ကြီးမြင့်ဇော်+ဒေါ်ဦးသန်းမေ၊ ရန်ကုန်မြို့။ — တစ်သောင်းကျပ်

၆၅။ ဦးမြသောင်း+ဒေါ်အေးအေးမင်း၊ ရွှေဆိုင်၊ လယ်ဝေးမြို့။ — တစ်သောင်းကျပ်

၆၆။ ဦးမြင့်သန်း+ဒေါက်တာတင်တင်လတ်၊ ရန်ကင်း၊ရန်ကုန်။ — တစ်သောင်းကျပ်

၆၇။ ဒေါ်အေးအေးခိုင် မိသားစု၊ ဝါယာလက်၊ မင်္ဂလာဒုံ။ — တစ်သောင်းကျပ်

၆၈။ ဦးဘအောင်+ဒေါ်အေးရှင် မိသားစု၊
ကျောက်မြောင်း၊ ရန်ကုန်။ — တစ်သောင်းကျပ်

၆၉။ ဦးသန်းနွယ်+ဒေါ်လွင်လွင်သန်း မိသားစု၊

http://www.dhammadownload.com

မြို့မရပ်၊ သာစည်မြို့။ တစ်သောင်းကျပ်
၇၀။ ဦးသိန်းမြင့်+ဒေါ်ချိုမိသားစု
MICCL အမှတ်(၁)၊ ကြေးနီသတ္တုတွင်း။ မုံရွာမြို့။ တစ်သောင်းကျပ်
၇၁။ ဒေါ်မာမာတင့်(အထက်တန်းပြ) မိသားစု၊
အထက(၁)၊ သာစည်မြို့။ တစ်သောင်းကျပ်
၇၂။ ဦးအောင်သိန်းနှင့် Technical Trainning ဝန်ထမ်းများ MICCL
အမှတ်(၁)၊ ကြေးနီသတ္တုတွင်း။ မုံရွာမြို့။ တစ်သောင်းကျပ်
၇၃။ ယွန်းမှုုမှုုအိမ်(အထက-၃)မြစ်ကြီးနားမြို့။ တစ်သောင်းကျပ်
၇၄။ နန်းအိုချစ်ရားမြောင်းမြမြို့။ တစ်သောင်းကျပ်
၇၅။ ဦးစိန်မင်း+ဒေါ်ခင်မမ၊ သား ဦးကျော်ကျော်နိုင်၊ သမီး မသီသီအောင်
သားကိုသက်ဆွေ၊ သားငယ် ကိုရဲမင်းလှိုင်မိသားစု၊ သန်လျင်မြို့။ တစ်သောင်းကျပ်
၇၆။ ဦးစိုးဟိန်း(မန်းတက္ကသိုလ်)+ဒေါ်ရည်ရည်ရွှေမိသားစု၊ရန်ကုန်။ တစ်သောင်းကျပ်
၇၇။ ဆရာအောင်ကျော်စံ(ခေတ္တဘင်္ဂလားဒေ့ရှ်) ဒေါ်လာ-၁၀၀
၇၈။ ဦးအောင်ကျော်ညွန့်+ဒေါ်မူမူမိသားစု(ခေတ္တအမေရိကန်) ဒေါ်လာ-၁၀၀
၇၉။ THIKE-SAN(ခေတ္တ-ဂျပန်) ဒေါ်လာ-၅၀
၈၀။ ဦးဘုန်းမြင့်+ဒေါ်ခင်သန်းမေ
အမှတ်-၁၀၀၊ မြို့မရပ်၊ ကာမိုင်းမြို့။ ယွမ်-၅၀၀
၈၁။ ဦးအောင်ကျော်စံ(ခေတ္တတရုတ်ပြည်) ယွမ်-၂၀၀
၈၂။ ဦးဝေယျ၊ ပြည်နယ်ဥပဒေအရာရှိ၊မြစ်ကြီးနားမြို့. FEC-၂၀
၈၃။ ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍
ဒေါ်ခင်အေးသီ
လမ်း ၂၀(၈၂×၈၃ ကြား)၊ အမှတ်(၈၈)
ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့. တစ်သိန်းကျပ်
၈၄။ ဦးချမ်းအေး+ဒေါ်ဖြူမွန်
ရန်ကုန်မြို့. တစ်သိန်းကျပ်
၁၅။ ဦးကျော်ကျော်+ဒေါ်ရှုရီ သမီး ပတ္တမြားအင်ကြင်းမိသားစု
မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။ တစ်သောင်းကျပ်

http://www.dhammadownload.com



ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးသားစီရင်၍
နတ်တလူသာသနာပြုအသင်းမှစီစဉ်ထုတ်ဝေထားသော
စာအုပ်အသစ်များကို
သုဝဏ္ဏာသျှမ်စာပေ
ဖုန်း-၆၆၀၆၇၀၊၇၃၀၄၆ ၂၂၆၊၀၉၅၀၅၆၃၆၉ သို့
ဆက်သွယ်မှာယူနိုင်ပါပြီ။

http://www.dhammadownload.com




ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးသားစီရင်၍
နတ်တလူ့သာသနာပြုအသင်းမှစီစဉ်ထုတ်ဝေထားသော
စာအုပ်အသစ်များကို

**သုဝဏ္ဏသျှမ်စာပေ**

ဖုန်း-၆၆၀၆၇၀၊၇၃၀၄၆၂၂၆၊၀၉၅၀၅၆၃၆၉ သို့
ဆက်သွယ်မှာယူနိုင်ပါပြီ။